


ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မန္တလေးမြို့၌ ဟောကြားဆုံးမတော်မူသောတရားတော်

# လူပြည်ရောက်ရင် နိဗ္ဗာန်အရယူမယ်

(၁၇၂)

ဟောကြားသည့်နေ့
၁၉-၁-၅၉

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မန္တလေးမြို့၌ဟောကြားတော်မူသောတရားတော်

# လူ့ပြည်ရောက်ရင်၊ နိဗ္ဗာန်အရယူမယ်

ဟောကြားသည့်နေ့
(၁၉-၁-၁၉၅၉)

စာမူခွင့်ပြုချက် အမှတ် - ၂၂၈/၂၀၀၂ (၄)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၂၇၀/၂၀၀၂ (၅)

အကြိမ် - ပထမအကြိမ်
အုပ်ရေ - ၂၀၀၀
ခုနှစ် - ၂၀၀၂ ခုနှစ်၊ မေလ
တန်ဖိုး - (၅ဝိ/-)

**ထုတ်ဝေသူ** ဦးအောင်ချို (မြဲ-၀၈၃၁)
မိုးကုတ်ဝိပဿနာတရားစဉ်နှင့်
လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့ချုပ်။
အမှတ် ၈၂၊ နတ်မောက်လမ်း၊ ရန်ကုန်မြို့။
ဖုန်း - ၅၄၁၈၆၀

**ပုံနှိပ်သူ** ဒေါ်နုနုဝင်း (မြဲ - ၀၆၆၅၆)
လောကပါလပုံနှိပ်တိုက်
အမှတ် (၈၄)၊ လမ်း(၅၀)၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၉၈၆၇၄

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မန္တလေးမြို့၌ ဟောကြားတော်မူသော တရားတော်

# "လူ့ပြည်ရောက်ရင်၊ နိဗ္ဗာန်အရယူမယ်"

ဟောကြားသည့်နေ့
(၁၉-၁-၅၉)

ထိနမိဒ္ဓိက ဝင်ပြီးသကာလ လာတာကို သမာဓိများလာပြီ၊ သမာဓိများလာပြီလို့ ယောဂီပုဂ္ဂိုလ်က ကိုယ့်ဟာကိုယ် ထင်တတ်တယ်၊ ထင်သာထင်တာတဲ့ ဟိုအာရုံပျောက်တာ၊ မပျောက်တာ အကဲခတ်လိုက်လို့ရှိရင် ဦးဝင်း သမာဓိဆိုရင် ဟိုဘက်က ရှုစရာ အာရုံမပျောက်ဘူး . . . (မှန်ပါ)။

## သမာဓိဝင်လုပ်နေတယ်

ထိနမိဒ္ဓဆိုရင် ပျောက်ထွက်သွားတယ်၊ အဲတော့ကို ထိနမိဒ္ဓက သမာဓိဝင်လုပ်နေတယ်လို့ မောင်ကိုတို့ ဆုံးဖြတ်ချက်ချရမယ်၊ ထိနမိဒ္ဓက သမာဓိဝင်လုပ်နေတာ၊ စင်စစ်ထိနမိဒ္ဓဆိုတာကတော့ ငိုက်မြည်းရေး၊ မငိုက်သော်လည်း မှိုင်တွေဝေပြီး သကာလ ရှုနေတဲ့အာရုံပျောက်ထွက်သွားတာက ထိနမိဒ္ဓကြောင့် ပျောက်သွားတာကို၊ သူက သမာဓိဝင်ပြီးသကာလ လာတယ် ဒါကြောင့် တည်တည်ကြည်ကြည်ရှိနေတယ်လို့ ထင်တယ်။

## ကိုယ်စားလှယ်ကဘယ်သူတုံး

ထင်သာထင်ရတယ် မဟုတ်ပါဘူးတဲ့၊ ကိုယ်စားလှယ်ကဘယ်သူတုံးလို့ မေးလို့ရှိရင်ဖြင့် ထိနမိဒ္ဓဖြစ်နေတယ်၊ သဘောကျရဲ့လား (သဘောကျပါတယ်ဘုရား) အဲဒါက ဝိပဿနာယောဂီပုဂ္ဂိုလ်၊ အလုပ်လုပ်နေတဲ့ ယောဂီပုဂ္ဂိုလ်မှာလာသည်။ မောင်အေး ကျေနပ်ကဲ့လား (ကျေနပ်ပါတယ်ဘုရား)။

ထိနမိဒ္ဓက ဘာဝင်လုပ်နေတာတုံးကွ (သမာဓိဝင်လုပ်နေတာပါဘုရား) သမာဓိဝင်လုပ်နေတယ် အဲတော့ တချို့သောကမ္မဋ္ဌာန်းဆရာတွေ တချို့သောယောဂီတွေမှာ ကျုပ်ဖြင့် ဘာမှမတွေ့လိုက်တော့ဘူး၊ တစ်ခါတည်း အဖြစ်အပျက်တွေ ပျောက်သွားတာပဲ။

## ဒုက္ခဆုံးတဲ့ပုံထင်ရတယ်

ဆိုတော့ သူက အဖြစ်အပျက်တွေပျောက်သွားတယ် ဆိုတော့ ဒုက္ခဆုံးတဲ့ပုံ၊ ဦးဝင်းမထင်ရဘူးလား (ထင်ရပါတယ်ဘုရား)၊ ထင်သာထင်ရတယ် သူထိနမိဒ္ဓကဝင်ပြီး၊ မမြင်ဘဲနဲ့ ပျောက်တာ၊ သူကသမာဓိဝင်လုပ်ပြီး သကာလ ရှိရဲ့သားနဲ့ ပျောက်သွားတာ။

တကယ့်ကို ဒီဒုက္ခကြီး ရွံမုန်းငြီးငွေ့လို့ ဉာဏ်ကြောင့် ပျောက်သွားတာလို့ ဆိုလို့မရဘူး၊ ထိနမိဒ္ဓဝင်တာနဲ့ မမြင်လို့ ပျောက်သွားတာ လစ်သွားတာ။

## လစ်သွားတာ၊ မဂ်ထင်နေတယ်

အဲဒါကို လစ်သွားတာကို သူတို့က တချို့နေရာကျတော့ ဦးဝင်းတို့၊ မောင်ကိုတို့က မဂ်များထင်နေလိုက်သေးတယ် (တင်ပါ) စင်စစ်တော့ ဘုရားက **ထိနမိဒ္ဓသမာဓိမို့ကွတဲ့** ထိနမိဒ္ဓက သမာဓိဝင်လုပ်နေတာ သူတို့က မရိပ်မိလိုက်ဘူးတဲ့၊ ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

ဘာက ဘာဝင်လုပ်တာတုံးကွ (ထိနမိဒ္ဓက သမာဓိဝင်လုပ်နေတာပါဘုရား) အဲဒါတွေ အခုယောဂီပုဂ္ဂိုလ်တွေမှာဖြစ်စေ၊ တချို့ယောဂီတိုင်းမှာဖြစ်စေ လစ်သွားတာကို မဂ်ထင်နေတော့ ကောင်းကောင်းကြီးလွဲနေတာပေါ့၊ ပါဠိတော်က ဒီရှိနေတာ။

## ခွဲသိရမယ်

ထိနမိဒ္ဓက ဝင်လုပ်နေတာကွတဲ့၊ သမာဓိယောင်ဆောင်ပြီး ဝင်လုပ်နေတာ စင်စစ်တော့ ဒီက ဒကာ ဒကာမတွေက မှတ်စရာက ထိနမိဒ္ဓနဲ့ သမာဓိကို ခွဲသိရမယ်။

ကိုယ့်ခန္ဓာထဲမှာ စိတ်ကလေးရှုနေနေ ထိနမိဒ္ဓဝင်လာလို့ရှိရင်ဖြင့် ဒီစိတ်ကလေး၏ အဖြစ်အပျက်ကို မမြင်တော့ဘူး၊ သမာဓိဆိုလို့ရှိရင်ဖြင့် သမာဓိက သူ့ချည်းလာတာမဟုတ်ဘူး ပညာနဲ့တွဲလာတာ သတိနဲ့တွဲလာတာ။

သမာဓိနဲ့ သတိနဲ့ဟာက၊ သမာဓိရယ်၊ သတိရယ်၊ ဝီရိယရယ်က ခွဲလို့ရတဲ့တရားမဟုတ်ဘူး စုံဝင်လာတာ၊ သမာဓိမဂ္ဂင်၊ သမာဓိမဂ္ဂင်က သုံးပါးမရှိဘူးလား ဦးဝင်း (ရှိပါတယ်ဘုရား)၊ အရင်သင်ထားတယ်နော် . . . (မှန်ပါဘုရား)။

သတိရယ်၊ ဝီရိယရယ် သမာဓိရယ်က သုံးပါးဝင်လာတော့ သူတို့နဲ့ဆိုရင် ရှုနေတဲ့အာရုံလေးတစ်ခုရှေ့နားက ကိုယ့်ခန္ဓာထဲက ပစ္စည်းလေးတစ်ခု ရုပ်ဖြစ်ဖြစ်၊ နာမ်ဖြစ်ဖြစ် ပျောက်စရာမရှိဘူး၊ ရှိရဲ့လား . . . (မရှိပါဘူးဘုရား)။

## ထိနမိဒ္ဓဝင်လို့

မရှိတော့ ထိနမိဒ္ဓဝင်လို့ ပျောက်တာကို တချို့က ဟာ . . ဒီဥစ္စာမဂ်ကျတာပဲ၊ တစ်မဂ်ရတာပဲ ဒီလိုထင်တတ်တယ်

(မှန်ပါ) ဒီလိုထင်လို့ရှိရင်ဖြင့် မောင်ကို မလွဲဘူးလား (လွဲပါတယ် ဘုရား)။

အဲဒါတွေ အင်မတန်များပြီး သကာလနေတာ ဒီလိုပါဋ္ဌိ တော်တွေကလည်း မတွေ့တော့ အမရဲ့ သိပ်ခက်တယ် (တင်ပါ ဘုရား)။ ကျုပ်တို့ တစ်ခါမှ မငိုက်လိုက်ရဘူး၊ တစ်ခါမှ မငိုက်လိုက်ရတော့ မဂ်ကို တစ်ခါမှ မကျဘူးလို့ ပြောချင်ပြောနေ မှာ (တင်ပါ)။

## ငိုက်တိုင်းမဂ်ရတယ်ထင်နေတယ်

ဆရာကလည်း သိပ်လွဲနေတာ၊ ဆရာကလွဲ၊ တပည့်က မသိထဲက ဖြစ်နေလို့ရှိရင် မောင်ချစ်ဆွေသွားပြီကွ ဒီဥစ္စာ (မှန်ပါ)၊ ဒါ သူငိုက်တိုင်းငိုက်တိုင်း မဂ်ရနေတယ် အောက်မေ့နေမှာ၊ လစ်တိုင်း လစ်တိုင်း မဂ်ရနေတယ် အောက်မေ့နေမှာပဲ ရှင်းပလား (ရှင်းပါပြီဘုရား)။

စင်စစ်ဘယ်သူက ဝင်လုပ်နေတာတုံး (ထိနမိဒ္ဓကပါ ဘုရား) ထိနမိဒ္ဓက သမာဓိယောင်ဆောင်ပြီး ဝင်လုပ်နေတာ မောင်အေးက ဘာက ဘာဝင်လုပ်နေတာတုံး (ထိနမိဒ္ဓက သမာဓိဝင်လုပ်နေတာပါဘုရား)။

အဲဒါ ဒကာ ဒကာမတွေ ခွဲတတ်ပလား၊ သမာဓိဆိုလို့ ရှိရင်သတိရော ဝီရိယရော တွဲပြီး ဝင်ရတဲ့တရား (တင်ပါဘုရား)

သတိရှိကတည်းက မေ့တယ်၊ ငိုက်တယ် လာနိုင်သေးရဲ့လား (မလာနိုင်ပါဘူးဘုရား)။

အဲတော့ သတိကလည်း သူချည်းဝင်လာတာလားလို့ အမေးထုတ်ခဲ့သော် သတိရယ်၊ ဝီရိယရယ်၊ သမာဓိရယ် သုံးခုတွဲဝင်တာ ခွဲပြီးမဝင်ဘူး၊ ဟိုအာရုံဆီမှာ (တင်ပါ)။

ခွဲမဝင်တဲ့တရားဆိုလို့ရှိရင် သူ့ဘယ်နည်းနဲ့မှ ရှေ့က အာရုံပျောက်စရာရှိရဲ့လား (မရှိပါဘူးဘုရား) ပျောက်သွားတယ်၊ ပျောက်သွားတယ်တဲ့ ဘာမှကို မသိလိုက်တော့ဘူးတဲ့ ဆိုတော့ သူ့ဘာမှမသိတာ ထောက်လိုက်တော့ ထိနမိဒ္ဓ။

## အိပ်မလို့အစကိုဆိုတာ

ထိနမိဒ္ဓဝင်နေတဲ့ပုဂ္ဂိုလ်ကျတော့ ခြင်ကိုက်တာတောင် သိသေးရဲ့လား (မသိပါဘူး) မသိဘူး၊ ထိနမိဒ္ဓဆိုတာ အိပ်စဆိုတာပဲ (တင်ပါဘုရား) အိပ်မလို့အစပဲ (တင်ပါဘုရား)။

အိပ်မယ်လို့ အစလေးဝင်လာတာကို မောင်အေးတို့ လူစုတွေက ဒါမင်္ဂထင်ချင်ထင်နေရင် ဒါငါးပါးမှောက်မယ် (တင်ပါဘုရား)။

အဲဒီတော့ကို ထိနမိဒ္ဓက သမာဓိဝင်မလုပ်နိုင်တဲ့ နည်း ကတော့ဖြင့် ဩော်-အာရုံမပျောက်လို့ရှိရင်ဖြင့်၊ အစက အာရုံ မပျောက်ဘူး နောက်မှပျောက်သွားတာလည်း ကိုယ့်ဟာကိုယ်

သိလိုက်တယ်၊ ရှေ့ကဖြစ်ပျက်တွေ ပျောက်သွားတာလည်း သိလိုက်တယ်။

## ဒီအသိနှစ်ခုဆက်သွားမှမဂ်စစ်

အစတုန်းက မပျောက်တာလည်း သိတယ် ဒီအသိနှစ်ခုကို ဆက်သွားမှ မဂ်စစ်ရှင်းပလား၊ ဒီအသိနှစ်ခုဆက်သွားမှနော် သတိဝီရိယ၊ သမာဓိကလည်း ဟိုမှာဖြစ်ပျက်ဆီမှာ စိုက်ပြီးနေရဲ့၊ ပြီးတော့မှ ပညာဝင်လာတဲ့အခါကျတော့ ဒါမလိုချင်ပါဘူးဆိုတော့ ပျောက်ထွက်သွားတယ်။

ပျောက်သွားတော့ ပျောက်တာလည်း သိတယ်၊ နဂိုကဖြစ်ပျက်တွေရှိနေတာလည်း သိတယ်၊ နောက်ဉာဏ်ဝင်လာလို့ ပျောက်သွားလည်းသိတော့မှ ဩော်-ဒီဥစ္စာနိဗ္ဗာန်ပါလား ပျောက်သွားတာ ဒုက္ခမရှိတာပါလားလို့ ဒီလိုနှစ်ချက်ဆက်ပြီး သိသွားလို့ရှိရင် မောင်ကို အမှန်ယူ၊ သဘောကျပလား . . . (ကျပါပြီ)။

## အလုပ်သမားမှာ အရေးကြီးတယ်

ဒါအရေးမကြီးဘူးလား (ကြီးပါတယ်ဘုရား) အလုပ်သမားမှာ မောင်အေးက သိပ်အရေးကြီးတယ်၊ မကြီးဘူးလား (ကြီးပါတယ်ဘုရား)။

အဲဒါတွေ ဘုန်းကြီးတို့နားမှာလည်းကြားရ၊ တချို့ဆရာတွေကလည်း မဂ်ဆိုလို့ရှိရင် ဘာမှမသိဘူး တုံးလုံးဖြစ်နေတာပဲ ဘာပဲ ညာပဲဆိုတော့ မောင်ကို သိပ်လွဲနေတာဗျ (တင်ပါဘုရား)။

ဘယ့်နှယ် သမာဓိ ပညာစခန်းဟာ လစ်စရာပါရဲ့လား (မပါပါဘူးဘုရား) သူတစ်ပါးသာမပြောနိုင်ရင်ရှိရမယ်။ ကိုယ့်ဟာကိုယ်တော့ မလစ်ဘူး၊ ခုဟာက သူတို့ဟာက ဒီလိုမဟုတ်တော့ဘူးတဲ့၊ ဒီလိုမဟုတ်တော့ဘူး ထိနမိဒ္ဓကို သူတို့က သမာဓိ ပညာထင်ပြီး သကာလ ဒါမဂ်ဆိုက်တယ် ဖိုလ်ဆိုက်တယ် ဆိုပြီး သကာလ ထင်နေကျတော့ ဒီဥစ္စာက သံသရာရှည်ဖို့ဖြစ်လာတာ။

ဘယ့်နှယ်သံသရာရှည်ဖို့ဖြစ်လာတာတုံးဘုရား အလုပ်လုပ်နေတဲ့ ပုဂ္ဂိုလ်၊ မေ့သွားတဲ့အချိန်မှာ ဟိုထိနမိဒ္ဓဆိုတာ ထိနမိဒ္ဓဆိုတာက တရားကိုယ်မှတ်လိုက်တော့ ထိနမိဒ္ဓက ငိုက်လို့ ကောင်းတယ်ထင်ရင်၊ မေ့နေလို့ ထင်ရင်လောဘ (တင်ပါဘုရား) ဟုတ်ဘူးလား။

## ထိနမိဒ္ဓကလောဘဒေါသ

ကိုယ့်စိတ်ကိုယ်မနိုင်တာက ဒေါသဆိုတော့ လောဘနဲ့ ဒေါသတစ်ခုခုဝင်လာတာ (မှန်ပါ) ထိနမိဒ္ဓက လောဘဒေါသ **ထိနမိဒ္ဓံပဉ္စသု သသင်္ခါရိက စိတ္တေသု** မလာဘူးလား (လာပါတယ်ဘုရား)။

လာတော့ **သသခ်ီရိက** စိတ်ငါးခုဆိုတော့ လောဘ **သသခ်ီရိက**လေး၊ ဒေါသ **သသခ်ီရိက** သူက သက်သက်လောဘနဲ့ ဒေါသ တစ်ခုခုဖြစ်ရမယ် ရှင်းပလား. . (ရှင်းပါပြီဘုရား)။

အဲဒါမင်းတို့က ဘာထင်နေတုံးတဲ့ လောဘနဲ့ဒေါသ၊ လောဘအနုကလေး၊ ဒေါသအနုကလေး ဖြစ်နေတာကို မင်ထင်နေတယ်ဆိုတော့ လောဘဖြစ်တော့ တဏှာ၊ ဥပါဒါန်၊ ကံဘက်လှည့်သွားတာပေါ့၊ ဒေါသဖြစ်တော့ သောကပရိဒေဝဒုက္ခဒေါမနဿဘက်မလှည့်ဘူးလား (လှည့်ပါတယ်ဘုရား)။

## သံသရာလည်တာ မင်ရတယ်ထင်

ဆိုတော့ သံသရာမလည်ဘူးလား (သံသရာလည်ပါတယ်ဘုရား) အဲ-သံသရာလည်တာကို သူတို့က မင်ရတယ်ထင်နေတာ၊ ပေါ်ပလား (ပေါ်ပါပြီဘုရား) သံသရာလည်တာဘာထင်နေတုံး (မင်ရတယ်ထင်နေပါတယ်ဘုရား)။

မင်ရတယ်ထင်နေတော့ အဲဒါနဲ့လမ်းဆုံးနေတဲ့ ပုဂ္ဂိုလ်တွေလည်း ဦးဝင်းရဲ့ တော်တော်တွေ့ရတယ် . . (မှန်ပါဘုရား)။ တော်တော်တွေ့ရတယ် ဒီဥစ္စာ ဒီပါဠိတော်တွေ မတွေ့ဘူးသူတို့က၊ မတွေ့တော့ သူတို့အတွက်မှာက လုပ်ကား လုပ်ကဲ့၊ လုပ်ပြီးသကာလ အပြစ်ရှိတာ မသိပဲဖြစ်သွားတယ် . . . (တင်ပါဘုရား)။

လောဘအနုနဲ့ ဒေါသအနုဖြစ်တော့ မောင်ကို အပြစ်မရှိဘူးလား (ရှိပါတယ်ဘုရား) ရှိတာ သူတို့က အပြစ်ရှိတယ်ထင်သလား၊ အကျိုးရှိတယ်လို့ ထင်သလား (အကျိုးရှိတယ်လို့ ထင်ပါတယ်ဘုရား)၊ ဟ-သွားရောပေါ့ကွ သွားသေးဘူးလား၊ ကဲ (သွားပါတယ်ဘုရား)။

## မေ့တာ၊ ငိုက်တာ၊ မဂ်ရတယ်ထင်နေ

အဲဒီ ဥစ္စာကလည်း အခုခေတ်မှာမှ တချို့နေရာမှာ တော်တော်ဆိုးနေတယ် ဦးဝင်းရ (မှန်ပါဘုရား) မဆိုးဘူးလား (ဆိုးပါတယ်ဘုရား) မင်းတို့ကြားဖူးမှာပေါ့ မေ့သွားတယ်၊ ငိုက်သွားတယ်၊ မဂ်ရတယ် ကျုပ်တို့ဖြင့် တစ်ခါမှ မမေ့မငိုက်လိုက်ရလို့ ဒီနေ့တစ်မဂ်မှ မရလိုက်ဘူး ဒီလိုဟာတွေက ရှိသေးတယ်ကွ၊ သဘောကျရဲ့လား။

ဘုရားကလည်း **ထိနမိဒ္ဓံ သမာဓိမှိတဲ့၊ ထိနမိဒ္ဓံ ထိနမိဒ္ဓကသမာဓိမှိ သမာဓိလိုလိုနဲ့၊ ထိနမိဒ္ဓသမာဓိမှိ၊ သမာဓိမှိ သမာဓိကို ထိနမိဒ္ဓံ-ထိနမိဒ္ဓက ဝဥ္စေတိ လှည့်စားလိုက်တာကွ** (တင်ပါ)။

သူက သမာဓိယောင်ဆောင်ပြီး ဝင်လာတာတဲ့၊ ရိပ်မိပလားကွ ဘယ်လိုဝင်လာတာတုံး (သမာဓိယောင်ဆောင်ဝင်လာတာပါဘုရား) သမာဓိယောင်ဆောင်ဝင်လာတော့ ဒို့က အကဲခတ်တတ်ပလား (မှန်ပါ)။

## သမာဓိဆိုရင်အာရုံမပျောက်ရဘူး

သမာဓိသက်သက်ဆိုရင် ရှေ့ကအာရုံမပျောက်ရဘူး (မပျောက်ရဘူးဘုရား) မပျောက်ရဘူး အစ်မ (တင်ပါဘုရား) ရှုနေတဲ့ အာရုံလေးဘာတုံး (မပျောက်ရဘူးဘုရား) ထိနမိဒ္ဓဝင်လာရင် (ပျောက်သွားပါတယ်ဘုရား) ဒါ ပျောက်သင့်လား မပျောက်သင့်လား ဝေဖန်ကြည့်လိုက်ပါလားကွ (တင်ပါဘုရား)

ဝေဖန်ကြည့်လိုက်တဲ့အခါကျလို့ရှိရင် ဩော်-ပျောက်တယ်ဆိုရင် ထိနမိဒ္ဓပဲ ဟုတ်ဘူးလား (တင်ပါ)၊ မပျောက်ဘဲနဲ့နေလို့ရှိရင်ဖြင့် ဩော်-သမာဓိတည်နေလို့ ဒီဟာလေးဟာ အရင်ပေါ်တာလည်း သိတာပဲ၊ ပျောက်တာလည်း သိတာပဲ၊ နောက်ပေါ်တာလည်း သိတာပဲ၊ ပျောက်တာလည်း သိတာပဲ မလာပေဘူးလား (လာပါတယ်ဘုရား)။

## အာရုံပျောက်ရင်ထိနမိဒ္ဓ

အဲတော့ ရှေ့ကအာရုံတည်းဟူသော ဒီဂရီနဲ့ချိန်ထိုးကြည့်လိုက်တော့မှ ဩော်-ဒါက သမာဓိဆိုတာ ပေါ်လာတယ်၊ အာရုံမပျောက်မှ ဘာတုံးဦးဝင်း (သမာဓိပါဘုရား) အာရုံပျောက်သွားရင် (ထိနမိဒ္ဓပါဘုရား) ထိနမိဒ္ဓ၊ အဲဒါ သူတို့က မင်ထင်နေတယ်၊ ဒုက္ခချုပ်သွားတယ်၊ ရှေ့က ရှုနေတာလေး ချုပ်သွားတယ်ဆိုတော့ မလွဲဘူးလား (လွဲပါတယ်ဘုရား)။

အထင်မှားနေတယ်တဲ့ အထင်မှားတာက ရိုးရိုးမှားတာလား မသိမှားလားလို့ ဆိုလို့ရှိရင် ဒီနှစ်ခု မခွဲတတ်တော့ဘူး (မသိမှားပါဘုရား) ခွဲတတ်သေးရဲ့လား (မခွဲတတ်ပါဘူးဘုရား) မခွဲတတ်တော့ မသိမှားဖြစ်သွားတယ်။

မသိမှားဆိုလို့ရှိရင် အဝိဇ္ဇာလာတာပဲ ရှင်းပလား (ရှင်းပါပြီဘုရား) မသိမှားက ဘာတုံး (အဝိဇ္ဇာပါဘုရား) မောင်ချစ်ဆွေ နေရာကျပလားကွ (ကျပါပြီဘုရား)။

## လစ်သွားတာကို မဂ်ထင်တယ်

လစ်သွားတဲ့ဥစ္စာကို သူက မဂ်ထင်နေတာ ဘာထင်နေတုံး (လစ်သွားတာ မဂ်ထင်နေပါတယ်ဘုရား) လစ်သွားတာက သိနမိဒ္ဓဝင်လာတာ ထိနမိဒ္ဓက မင်းတို့ဝင်ပါမယ်လို့ သူက ပြောတာမဟုတ်ဘူး၊ အာရုံတစ်ခုစူးစူးစိုက်စိုက်ကြည့်နေ၊ အိပ်ရေးကလည်း ပျက်ထားမယ် ဆိုလို့ရှိရင်ဖြင့်၊ ဖျတ်ခနဲ ဖျတ်ခနဲ လစ်လစ်သွားတာပဲ၊ မလစ်ဘူးလား (လစ်ပါတယ်ဘုရား)။

အဲဒါ လစ်သွားတာကို လစ်သွားတယ်ဆိုကတည်းက ဒိုက သူကြည့်နေတဲ့ပစ္စည်းလေး မပျောက်ဘူးလား၊ ပျောက်သလား (ပျောက်သွားပါတယ်ဘုရား) ပျောက်သွားလို့ရှိရင် ဒါဘာမှ မဟုတ်ဘူး၊ မဂ်မဟုတ်ဘူး၊ ထိနမိဒ္ဓသက်သက် ဆိုနိုင်လား (ဆိုနိုင်ပါတယ်ဘုရား)။

အဲ ထိနမိဒ္ဓသက်သက်ကို ဆရာကလည်း နားမလည် တပည့်ကလည်း နားမလည်ဆိုလို့ရှိရင် ဒါဟာ တစ်မဂ်ရပါပြီ (တင်ပါဘုရား) ဒီလိုရင်လည်း ထင်တတ်တယ် ထင်ရင်ကောင်းကောင်းလွဲတာပဲ။

ကောင်းကောင်းလွဲတယ် မလွဲတယ်ကို တစ်ခါချိန်ထိုးကြည့်လိုက်တော့ ထိနမိဒ္ဓ၏ ပင်ကိုယ် တရားအရင်းကို ကောက်လိုက်ပါတဲ့ လောဘနဲ့ ဒေါသပါ (တင်ပါဘုရား)။

တစ်ခါတလေ လောဘကြောင့် ငိုက်တယ်၊ တစ်ခါတလေကျတော့ အလိုမကျတာ ငိုက်သွားတယ် မရှိဘူးလား (ရှိပါတယ်ဘုရား) အဲဒါအလိုမကျလို့ ငိုက်ရင် လစ်သွားလို့ ရှိရင် ဒေါသ ဟုတ်လား။

## လောဘနဲ့ဒေါသဝင်တာ

အလိုကျပြီးငိုက်နေလို့ရှိရင် လောဘ၊ အဲတော့ လောဘနဲ့ဒေါသဝင်လာတာကို သူတို့က မဂ်ဝင်တယ်ထင်နေတယ် (တင်ပါ) ဒါကြောင့် ဘုရားက ဟောရရှာတာ ရိပ်မိပလားကွ (ရိပ်မိပါပြီဘုရား)။

ဒီဥစ္စာယောဂီပုဂ္ဂိုလ်မှာ ဦးဝင်းတို့ မောင်ကိုတို့ အရေးမကြီးဘူးလား (ကြီးပါတယ်ဘုရား) ဒါခွဲသိရမယ် (မှန်ပါဘုရား) ခွဲသိခွဲသိတော့ သိနည်းကို ရှင်းပေးမယ်တဲ့ ခွဲသိဖို့၊ သိနည်းကို ရှင်းပေးမယ်။

## သမာဓိဆိုရင်သုံးခုတွဲရမယ်

သမာဓိဆိုလို့ရှိရင် ခုနင်က ပြောခဲ့တယ် သတိရယ်၊ ဝီရိယရယ်၊ ပညာရယ် သုံးခုတွဲရမယ် (မှန်ပါဘုရား) သတိပါနေကတည်းက လစ်စရာ ရှိသေးရဲ့လား (မရှိပါဘူးဘုရား)။

အဲသမာဓိ မှန်လို့ရှိရင် ဘယ်တော့မှ ရှေ့က ပစ္စည်း မပျောက်ဘူး သတိထားနေတော့ (မှန်ပါ) ဝီရိယကော (ထားပါတယ်) ဝီရိယလည်း စိုက်နေတာပဲ သဘောကျပလား (တင်ပါဘုရား) စိတ်ကလည်း တည်ကြည်နေတာပဲ (တင်ပါဘုရား)။

အဲတော့ ရှေ့က ရှုစရာပစ္စည်းတစ်ခု ရှုနေတဲ့ ဖြစ်ပျက်၊ ရှုနေတဲ့ နာမ်ရုပ်၊ ဘယ်နည်းနဲ့မှ မပျောက်ဘူး၊ ပျောက်ပါ့မလား (မပျောက်ပါဘူးဘုရား)။

အဟောင်းပျောက်တယ် အသစ်ပေါ်လာတာသိတယ်၊ အဟောင်းပျောက်တယ် အသစ်ပေါ်လာတာသိတယ် မသိဘူးလား (သိပါတယ်ဘုရား) သုံးခုတွဲနေတာကိုကွ၊ ခွဲလို့ရတဲ့ ဥစ္စာဖြစ်ကဲ့လား (မဖြစ်ပါဘူးဘုရား) သူက သမာဓိမဂ္ဂင်လို့ ဘုရားကဟောထားတာ။

သမာဓိပြဋ္ဌာန်းတယ်ဆိုတော့ သမာဓိမဂ္ဂင်တဲ့၊ ဖြစ်တော့ သုံးခုဆိုတော့ ဒီထဲပျောက်စရာ ပါသေးရဲ့လား (မပါပါဘူး ဘုရား) အဲဒါသေချာမှတ်ထားတဲ့ ပဏ္ဍာသက ဒါသမာဓိမဂ္ဂင် ဆိုလို့ရှိရင်ကွာတဲ့ ဒီ-သတိရယ် သမာဓိရယ်၊ ဝီရိယရယ် သုံးခု

တွဲနေတော့ ဘယ်လစ်စရာ ရှိမတုံး၊ ရှေ့ကဟာကို၊ ရှေ့ကဟာ မသိလိုက်ဘူး ရှိသေးရဲ့လား (မရှိပါဘူးဘုရား)။

## သုံးခုကဘယ်သူတွေပါလိမ့်

ဘယ်နှစ်ခုတွဲနေတုံး (သုံးခုတွဲနေပါတယ်ဘုရား) သုံးခုက ဘယ်သူဘယ်သူပါလိမ့် (သတိရယ်၊ သမာဓိရယ်၊ ဝီရိယရယ် ပါဘုရား) အေး-ဒါသမာဓိ မဂ္ဂင်လို့ ဘုရားကကော မဟောဘူး လား (မှန်ပါ)။

သူ့ချည်းတစ်ခုတည်း ဖြစ်တယ်လို့ ထုံးစံကော ရှိရဲ့လား (မရှိပါဘူးဘုရား) မရှိတော့ သတိနဲ့တွဲဖြစ်ရတဲ့အတွက် သူမှား စရာရှိသေးလား (မရှိပါဘူးဘုရား)၊ လစ်စရာကော (မရှိပါဘူး ဘုရား)။

ဝီရိယနဲ့တွဲနေတော့ ဝီရိယ အားကြီးနေတဲ့ ပုဂ္ဂိုလ် ဘယ်တော့လစ်မလဲကွ (မလစ်ပါဘူးဘုရား) အဲတော့ သမာဓိ က သူချည်းတစ်ခုတည်းဖြစ်တဲ့ အဓိပ္ပါယ်မျိုးလို့ ဘုရားကလည်း မဟောဘူး (မှန်ပါဘုရား)၊ ဖြစ်လည်း မဖြစ်ဘူးတဲ့၊ သူတို့ချင်းက သဟဇာတကွတဲ့၊ တကွဖြစ်တာတဲ့ (မှန်ပါဘုရား)၊ သဟဇာတ ဆိုတာ တကွဖြစ်တာ ရှင်းပလား (ရှင်းပါပြီဘုရား)။

ဘယ်တော့ခွဲဖြစ်သတုံးမေးတော့ ဘယ်တော့မှ ခွဲမဖြစ် ဘူး သဘောကျပလား (ကျပါပြီဘုရား)၊ သတိရယ် ဝီရိယရယ်

သမာဓိရယ်က အာရုံဆီကို ပြုတဲ့အခါကျတော့ ခွဲဖြစ်ကဲ့လား (မဖြစ်ပါဘူးဘုရား)။

## ဘုရားပေးတဲ့ဥပမာ

လောကီဥပမာ ငါဘုရား ရှင်းပြမယ်တဲ့ ဘုရားက မင်းတို့ မမှားရအောင်ပေါ့လေ ရှင်းပြမယ်။ ဒီထဲမှာ ပန်းပင်တစ်ပင်ရှိတယ်။ ပန်းပင်တစ်ပင်မှာ ပန်းပွင့်လို့ မမှီတဲ့ပန်းဖြစ်နေတယ်။ နှစ်ယောက်တက်မှ မှီမယ်။

ဆိုတော့ တစ်ယောက်သောပုဂ္ဂိုလ်က အောက်ကနေပြီးတော့ ကုန်းပြီးတော့ ပခုံးပေါ်ကို အရပ်ခိုင်းတယ်။ တစ်ယောက်သောပုဂ္ဂိုလ်က အပေါ်ကလူ တုန်မှာစိုးလို့ ဘေးက လက်တစ်ဘက်ကို ထိန်းပေးတယ်။ ဘေးက တစ်ယောက်က ရပ်ပေးတယ်။

တစ်ယောက်က ဘေးက လက်တစ်ဖက်ကိုင် ရပ်ပေးလိုက်တော့ သူက လက်မြှောက်ထားတဲ့အတွက် ဒီအပေါ်က တက်တဲ့လူက ဘေးကကပ်နေတဲ့ လက်မြှောက်တဲ့လူကို လက်တစ်ဖက်ကိုင်ပြီး တစ်ဖက်ကနေ ဆွတ်မယ်ဆို မရပေဘူးလား (ရပါတယ်ဘုရား)။

## သုံးယောက်ပေါင်းမှပန်းတစ်ပွင့်ရတယ်

ဒါဖြင့် အောက်ကမြှောက်တဲ့ လူကတစ်မျိုး၊ ဘေးက အကူအညီပေးတဲ့ပုဂ္ဂိုလ်ကတစ်မျိုး၊ ဆွတ်တဲ့ပုဂ္ဂိုလ်က တစ်မျိုး (မှန်ပါ)၊ ဒီလိုမနေဘူးလား (နေပါတယ်ဘုရား)။

အဲတော့ကိုတဲ့ အောက်ကလူက ဝီရိယနဲ့တူတယ် (တင်ပါ)၊ ဘေးကလူက သတိနဲ့တူတယ်၊ ဟိုက သမာဓိနဲ့တူတယ်။ ပန်းကိုဆွတ်မိတာပဲ (တင်ပါဘုရား)၊ ဆိုတော့ ဥပမာနဲ့တကွ လာထားတော့ ဦးဝင်း၊ ဒါ ရှုပ်စရာလိုသေးလား (မလိုပါဘူး ဘုရား)။

မှတ်ထားကွ ဒီဥစ္စာ ပန်းဆွတ်တဲ့လူဥပမာ သူပြတယ် (တင်ပါဘုရား)၊ ရှင်းပလား (ရှင်းပါပြီဘုရား)၊ အင်မတန် ခြား နားနေတာပဲကွ (တင်ပါဘုရား)၊ ကဲ ခြားနားတာကိုလည်း သေသေချာချာကို မင်းတို့ ဂရုစိုက်ထားမှ သူတို့က သုံးယောက် ပေါင်းမှ ပန်းတစ်ပွင့်ရတာကိုဗျ (တင်ပါဘုရား) ဟုတ်ဘူးလား။

ဥပမာကလည်း တခြားကမှ လာတာမဟုတ်ဘဲ ဒီ သမာဓိနေရာမှာ ဘုရားကပြောတဲ့ဥပမာကို၊ မဂ္ဂင်ဆိုက်တဲ့ နေရာ ပြောတာ ဒါ သမာဓိမဂ္ဂင်ကွ၊ သမာဓိမဂ္ဂင်ဆို ဒီလိုပေါ် ရမယ် (တင်ပါဘုရား)။

ခုနင်က မေ့သွားတဲ့ပုဂ္ဂိုလ်ကတော့ ပန်းဆွတ်နိုင်သေးရဲ့ လား (မဆွတ်နိုင်ပါဘူးဘုရား)၊ သူကတော့ ဆွတ်နိုင်တယ်တဲ့၊

ပန်းဆွတ်နိုင်တယ်ဆိုကတည်းက ဟိုအာရုံကို ပြုနိုင်တယ်ပြော တာ (တင်ပါဘုရား)၊ မပြောဘူးလား (ပြောပါတယ်ဘုရား)။

အဲဒီလောက်ထိအောင် ကျယ်ကျယ်ဝန်းဝန်း၊ အဓိပ္ပာယ်ကို နှံ့နှံ့စပ်စပ် မသိပြီဆိုမှဖြင့် ထိနမိဒ္ဓက ဝင်နှောက် ယှက်ချလိုက်တာပဲ (တင်ပါဘုရား)။

ထိနမိဒ္ဓက နှောက်ယှက်ချလိုက်တော့ ခုနက ပန်းနဲ့တူ တဲ့ အနိစ္စ၊ ဒုက္ခ၊ အနတ္တကို သူ ဆွတ်ခူးနိုင်သေးရဲ့လား (မခူး နိုင်ပါဘူးဘုရား)၊ မခူးနိုင်ကတည်းက ဒီဉစ္စာ ထိနမိဒ္ဓ သက် သက်ပဲ (တင်ပါဘုရား)။

## သတိကခေါင်းညိတ်ပြတယ်

သမာဓိဟုတ်သေးရဲ့လား (မဟုတ်ပါဘူး) မဟုတ်ဘူး ဘဲ၊ ကဲ- ဒါဖြင့် အခုမှတ်လို့ကောင်းတာက၊ အရေးတကြီးမှတ် ရမှာက ဩော်. . . သမာဓိဆိုတာ သူ့ချည်းသက်သက်မှမဖြစ် ဘဲနဲ့ သူ့ချည်းသက်သက်ဖြင့် ဟိုအာရုံကို မမြင်ဘဲမရှိဘူး သတိက ခေါင်းညိတ်ပြတယ် (တင်ပါဘုရား)။

## ဝီရိယကတွန်းပေးတယ်

ဟိုကြည့် ဟိုကြည့်ဆိုပြီးတော့ သတိက ခေါင်းညိတ်ပြ တယ် (မှန်ပါဘုရား) သမာဓိကို၊ ဝီရိယကလည်း နောက်က

တွန်းပေးတယ် (မှန်ပါဘုရား)၊ တွန်းပေးမနေဘူးလား (တွန်းပေးပါတယ် ဘုရား)။

တွန်းပေးတော့ သမာဓိက ဟိုစိုက်ထားတယ်၊ ဝီရိယက မမေ့အောင်လည်း တွန်းပေးတယ်၊ သတိက မမေ့အောင်လည်း ခေါင်းလေးညိတ်ပေးထားတယ်၊ ဒီခေါင်း ဘယ်မှမရွေ့နဲ့ဦး ရှိတဲ့ဆီ ကြည့် သဘောကျပလား (မှန်ပါဘုရား)။

## သမာဓိက အာရုံဆီတည့်နေတယ်

ဝီရိယကလည်း နောက်ကတွန်းပေးနေတယ် (တင်ပါဘုရား)၊ ဒါကြောင့် ဝီရိယက တွန်းသမား၊ သတိက ခေါင်းညိတ်ပေးသမားဆိုတော့ သမာဓိက ဟိုအာရုံဆီကို တည့်မနေဘူးလား (တည့်နေပါတယ်ဘုရား)၊ ဒီလိုလုပ်ရမှာ (တင်ပါ)၊ ရှင်းပလား (ရှင်းပါပြီဘုရား)။

ဒါဖြင့် အာရုံနဲ့ သူနဲ့ဟာ တန်းနေတာပေါ့ကွ၊ ထိနမိဒ္ဓကတော့ အာရုံကို ပျောက်သွားတာ၊ မပျောက်ဘူးလား (ပျောက်ပါတယ်ဘုရား)၊ ထိနမိဒ္ဓက အာရုံပျောက်တယ်၊ အဲတော့ ဘယ်လိုထူးခြားသတုံးလို့ အမေးထုတ်လို့ရှိရင် ပျောက်မပျောက် ထူးခြားတယ်၊ ရှင်းပလား (ရှင်းပါပြီဘုရား)။

## ထိနမိဒ္ဓကတော့ အာရုံပျောက်တယ်

ထိနမိဒ္ဓကတော့ ရှေ့က အာရုံပျောက်တယ် (မှန်ပါ)၊ သမာဓိကတော့ (မပျောက်ပါဘူးဘုရား)၊ ဘာဖြစ်လို့ မပျောက်တုံး၊ အို. . . သတိက ခေါင်းညိတ်ထားတယ် ကျုပ်ကို (တင်ပါဘုရား)။ ဝီရိယက နောက်ကတွန်းနေတယ်ဆိုတော့ ကျုပ်တစ်ခုတည်းဖြစ်တာမှမဟုတ်ဘဲလို့ သူက ပြောမှာပေါ့၊ မပြောပေဘူးလား (ပြောပါတယ်ဘုရား)၊ သဘောပါပလား ဦးဝင်း (ပါ ပါပြီဘုရား)။

## ဆရာကောင်းကပြမှ ခွဲနိုင်တယ်

အဲဒါ ဒီကနည်းကိုရတဲ့ပုဂ္ဂိုလ်၊ ဒီလို ဆရာကောင်း သမားကောင်းနဲ့ အကွက်ကျသိထားတဲ့ပုဂ္ဂိုလ်ကတော့ဒါ မဂ်ဟုတ်တယ်မဟုတ်တယ် ခွဲနိုင်တယ်၊ ခွဲခြားနိုင်တယ် သိပြီကိုး။

မသိတဲ့ပုဂ္ဂိုလ်ကတော့ ဟိုအာရုံပျောက်သွားတာက ထိနမိဒ္ဓကြောင့် ပျောက်သွားတာကို မဂ်ဝင်လို့ ပျောက်သွားတယ်လို့ ထင်တာ၊ ထင်ရင် ကောင်းကောင်းလွဲတာပေါ့ (တင်ပါဘုရား)၊ မောင်ချစ်ဆွေ (ကောင်းကောင်းလွဲပါတယ်ဘုရား)။

အဲတော့ မင်းတို့ ရှုတဲ့အခါကျတော့ ဒါ သတိထားရမှာ၊ အရေးကြီးတာပေါ့ ဒါ အလုပ်သမားအတွက် ဘုရားဟောတာကို၊ ကဲ- ဒီတရားက မင်းတို့ သေသည်တိုင်အောင် မှတ်ထားရမှာကွ (တင်ပါဘုရား)။

## နာရုံနဲ့တော့မဖြစ်ဘူး

ကိုယ်လုပ်မယ့်အလုပ်ကို ခွဲခြားတာ (တင်ပါဘုရား)၊ ကိုယ်လုပ်မည့်အလုပ်ကိုခွဲခြားတာဖြစ်တော့ ဦးဝင်း သာမည မှတ်လို့မရဘူး (မှန်ပါဘုရား)၊ နာရုံနဲ့တော့ မဖြစ်ဘူး၊ အလုပ်ထဲ ကျလို့ရှိရင် ကိုယ့်ဥစ္စာကိုယ် ဉာဏ်နဲ့ကို ဝေဖန်နိုင်လောက်အောင် သဘောကျလာအောင်ကို တစ်ခါတည်း မမေ့လောက်အောင် မောင်အေး လုပ်ထားရမယ်ဆိုတာ ဦးဘအုန်း ကျေနပ်ပလား (ကျေနပ်ပါပြီဘုရား)။

ကဲ- ဒါဖြင့် အကျဉ်းချုပ်ပြီး မှတ်ချင်လို့ရှိရင်ဖြင့် သမာဓိ ဆိုရင် ရှေ့က အာရုံမပျောက်ဘူး၊ ထိနမိဒ္ဓဆိုပျောက်တယ်၊ ဟိုက ပျောက်နေတာလား၊ ဒီက ဝမ်းထဲက ပျောက်တာလား၊ ဝမ်းထဲကပျောက်တာ ဟိုကပျောက်မှ အမှန်ကိုကွ (တင်ပါဘုရား)။

## အလုပ်လုပ်တတ်ကြပြီလား

ကိုယ့်ဝမ်းထဲက ကိုယ့်ဟာကိုယ် ကြံဖန်ပျောက်နေတာ အမှန်ဆိုလို့ရပ့ါမလား၊ အဲဒါနဲ့ချိန်လိုက်လို့ရှိရင် အသေအချာ ပေါ်လွင်လာတယ်၊ မပေါ်လွင်လာဘူးလား (ပေါ်ပါတယ် ဘုရား)၊ ကဲ- ဒါဖြင့် လုပ်တတ်ကြပလားကွ။

လုပ်တတ်ပြီတဲ့၊ အဲဒါ မပျောက်သေးလို့ရှိရင် စိုက်သာရှု

နေ၊ နောက် မလိုချင်တဲ့ဉာဏ်လာလို့ ပညာနဲ့ ဝိတက်ဝင်လာလို့၊ သမ္မာဒိဋ္ဌိသမ္မာသင်္ကပ္ပဆိုတဲ့ တရားနှစ်ခုဝင်လာရင် မပျောက်ပါနဲ့ဆိုလို့ မရဘူး၊ သူ့ဟာသူ ပျောက်ထွက်သွားတယ် (မှန်ပါဘုရား)။

## ကိုယ့်ဟာ ကိုယ်သိတယ်

သမ္မာဒိဋ္ဌိက မလိုချင်တာကို၊ သမ္မာသင်္ကပ္ပက မလိုချင်အောင်ကိုပြပေးတာ သဘောကျပလား (မှန်ပါ)၊ သမ္မာသင်္ကပ္ပက မလိုချင်အောင် ဒီအကွက်ကိုပြတာ၊ သမ္မာဒိဋ္ဌိက သူပြတဲ့အကွက်ကို မလိုချင်တော့ဘူး၊ မလိုချင်မှ ပျောက်သွားတော့မှ ဩော် . . . မိမိဒုက္ခ၊ မိမိချုပ်သွားပြီဆိုတော့ ဒါလည်း ကိုယ့်ဟာကိုယ် သိလိုက်တာ။

## ဒုက္ခချုပ်ပြီး နိဗ္ဗာန်ပေါ်လာတယ်

ဒုက္ခချုပ်ပြီး နိဗ္ဗာန်ပေါ်လာတာလည်း ဩော် . . . ဒါဒုက္ခမရှိတာကိုလို့ ကိုယ့်ဟာကိုယ်သိတယ်၊ လစ်တာကို ပါသေးရဲ့လား (မပါပါဘူးဘုရား)၊ သိမှုလေး ကျန်နေတော့ ရှေ့ကဟာလည်း ဒုက္ခချုပ်သွားတဲ့သဘောဟာ ဒါကိုလို့ သိတယ် (တင်ပါဘုရား)။

ကိုယ်ကလည်း သိမှုအကျန်နဲ့ ဟိုကဒုက္ခချုပ်တဲ့နေရာ နိဗ္ဗာန်ဆိုတာ ဒီနေရာဆိုတာကိုလို့လည်း သိတယ်၊ ရှင်းပလား (ရှင်းပါပြီဘုရား)။

## ချောက်ကျတတ်တဲ့နေရာ

ဒါဖြင့် ဒီနေ့တရားဟာ မင်းတို့ အလုပ်သမားအတွက်မှာ သိပ်အရေးကြီးတယ်ဆိုတာ ပေါ်လာတာပေါ့ (ပေါ်ပါတယ်ဘုရား)၊ ဒါ အလုပ်သမားမှာ ဒီနေရာမှာ ချောက်ချတတ်တဲ့နေရာပဲ၊ လုပ်ပြီးတော့ ခရီးမပေါက်တဲ့နေရာ ဟုတ်ဘူးလား (ထိနမိဒ္ဓဝင်တာ များပါတယ်ဘုရား)၊ များတာပေါ့ကွ။

ထိနမိဒ္ဓဝင်တာများတော့ ထိနမိဒ္ဓကို မင်းတို့က အခုတော့ နည်းပေးလိုက်ပြီလေ၊ ထိနမိဒ္ဓ ဖြစ်ပျက်ရှုပစ်လိုက် (မှန်ပါ)၊ ထိနမိဒ္ဓဖြစ်ပျက်ရှုပစ်လိုက်တော့၊ ထိနမိဒ္ဓချုပ်သွားရော၊ ရှုတဲ့ဉာဏ် ကျန်နေတယ်၊ အဲဒီဉာဏ်နဲ့မှ နောက်လာတာနဲ့ တွဲဒီလိုဆိုတော့ ကမ္မဋ္ဌာန်းပြန်ဆက်သွားတယ်။

## ကျန်းမာရေးဂရုစိုက်

မင်းတို့ လူဝတွေကသာဆိုးသေး၊ ပြီးတော့ တက်တဲ့အစာ အဟာရတွေ စားထားတဲ့အခါမှာလည်း ပိုဆိုးတယ်၊ အညောင်းများတဲ့အခါမှာလည်း ဆိုးတယ် (မှန်ပါ)၊ အဲဒါ

ကြောင့် ဘုရားက ကျန်းမာရေးဂရုစိုက်၊ မင်းတို့ ဝိပဿနာလုပ်မယ်ဆိုလို့ရှိရင် **ပဓာနိယင်္ဂ** တရားငါးပါးဆိုပြီး ဟောမထားဘူးလား (ဟောထားပါတယ်ဘုရား)။

ဒါအတွက် ဟောနေရတာ (တင်ပါဘုရား)၊ ဒါ မပါလို့ရှိရင် မင်းတို့ ထိနမိဒ္ဓက ဝင်ပြီးညောင်းလို့သော်လည်းကောင်း၊ ထိနမိဒ္ဓက အစာမကြေလို့သော်လည်းကောင်း ထိနမိဒ္ဓ ဟုတ်ဘူးလား။

## ထိနမိဒ္ဓဆိုတာ သူခိုး

နဂိုက စောင့်နေတာ ထိနမိဒ္ဓဆိုတာ သူခိုးတဲ့ (တင်ပါဘုရား)၊ သဘောကျပလား (ကျပါပြီဘုရား)၊ ထိနမိဒ္ဓ ဘာနဲ့တူတုံး (သူခိုးနဲ့တူပါတယ်ဘုရား) သူခိုးဆိုတော့ မင်းတို့သက်တမ်းအလကားခိုးယူသွားမလို့ (တင်ပါ့ဘုရား)။

ဉာဏ်က အသုံးချနေမယ့်နေရာ အသုံးမချနဲ့တော့ကွ၊ မင်းဉာဏ်ပစ္စည်းတွေ သူ ခိုးယူမယ်ဆိုပြီးတော့ သူခိုးယူသွားတာနဲ့ မင်းတို့ကျန်ရစ်သေးရဲ့လား (မကျန်ရစ်ပါဘူးဘုရား)။

သမာဓိတွေ၊ သတိတွေ၊ ဝီရိယတွေ အကုန်ပျောက်၊ သူယူသွားတာနဲ့ ဉာဏ်ကောဝင်ခွင့်ရသေးရဲ့လား (မရပါဘူးဘုရား) သူခိုးယူသွားတာနဲ့ အသက်တမ်းကလည်း အလကားအသက်တမ်းဟုတ်လား။

ရှိတဲ့ ကိုယ့်ဆရာသမားဆီက နာထားတာတွေ၊ နှလုံးသွင်းတုန်းကပေါ်နေတာတွေ၊ သူခိုးယူသွားတာနဲ့ပြောင်ရော၊ ဒါကြောင့် ထိနမိဒ္ဓ သူခိုးဟာ အဆိုးဆုံးပဲ (ဆိုးပါတယ်ဘုရား) ပေါ်ပလား (ပေါ်ပါပြီဘုရား)။

တစ်ခါတလေများ ထိနမိဒ္ဓခိုးလိုက်တာ မိုးလင်းမှနိုးတော့ ဒီသက်တမ်းကြီးဟာ အလကားသက်ဆိုးရှည်ကြီးဖြစ်နေတာပေါ့ (မှန်ပါ့) ဟုတ်ဘူးလား သဘောကျပလား (ကျပါတယ်ဘုရား) အိပ်ကောင်းလိုက်တာဆိုတာ သက်ဆိုးရှည်နေ၏၊ အိပ်ကောင်းတာ သက်ဆိုးရှည်တာ မှတ်ပေတော့ (တင်ပါ့ဘုရား)။

## လူ့ပြည်ရောက်ရင် နိဗ္ဗာန်အရယူမယ်

လူ့ဘဝလာတာ အိပ်မလို့လာတာမဟုတ်ဘူး၊ ငရဲက တက်လာတာ လူပြည်ရောက်လို့ရှိရင် နိဗ္ဗာန်အရယူမယ်၊ ဒီနေရာ မပြန်တော့ဘူး၊ ဒီလိုနဲ့ လာခဲ့ကြတာကို ဒီလိုနဲ့ လာတာ၊ ရည်ရွယ်ချက်နဲ့ အခုနှုတ်ပစ်တာနဲ့ ကိုက်သေးရဲ့လား (မကိုက်ပါဘူးဘုရား) သဘောကျပလား။

ကဲ ဒါဖြင့် ဒီနေ့တရားဟာ မင်းတို့ အလွန်အရေးကြီးပေါ့ကွာ မောင်အေးဝေဖန်ဖို့ ဉာဏ်က (တင်ပါဘုရား) ဝေဖန်ဖို့ ဉာဏ်အရေးကြီးတယ်တဲ့ ထိနမိဒ္ဓ သမ္မာဓိမှိ၊ သမ္မာဓ်မှိ -သမာဓိလိုလိုနှင့် **ထိနမိဒ္ဓ - ထိနမိဒ္ဓသည်၊ ဝဋ္ဋေတိ-လှည့်စား၏** သူက သမာဓိ ယောင်ဆောင်၍ လှည့်စားသွား၏။

## ဘယ်လောက်ကောက်ကျစ်တုံး

ကဲ ဒါကြောင့် သူ့ ဝဋ္ဋတိ တရားထဲဘုရားကထားတော့ အင်မတန်ကောက်ကျစ်တဲ့တရားကွတဲ့ (တင်ပါဘုရား) မောင်ကို (ကောက်ကျစ်ပါတယ်ဘုရား) ဘယ်သူတုံးကောက်ကျစ်တဲ့ တရား (ထိနမိဒ္ဓပါဘုရား) ဘယ်လောက်ကောက်ကျစ်တုံး၊ သူက ဝိပဿနာများ ဝင်လုပ်နေလိုက်သေးတယ်၊ မဂ်လိုလိုဝင်လုပ်လိုက်၊ တကယ့်ကို ဒကာ ဒကာမတွေကို ထွက်ရာလမ်းပေါက်မှာ စိုးတဲ့အတွက် သူကဝင်ပြီးသကာလ ကန့်ကွက်တဲ့ မဂ်တားဖိုလ်တားကြီးသူက။

မဂ်တား ဖိုလ်တား မဂ်ရတယ်ထင်နေတော ခက်ဘူးလားကွ (မှန်ပါခက်ပါတယ်ဘုရား) အင်မတန်ကြောက်စရာ မကောင်းဘူးလား ကိုင်း (ကောင်းပါတယ်ဘုရား)။

## မိုးကြိုးပစ်တာထက်နာတယ်

ဦးဘအုံးကြီးတို့ လူဝကြီးတွေကော ရိပ်မိပလား (ရိပ်မိပါပြီဘုရား) လူဝကြီးတွေလည်းဖြစ်မယ် များများလည်း စားဦးမယ် ဆိုလို့ရှိရင်တော့ဖြင့် အင်း . . . မိုးကြိုးပစ်တာထက် နာတယ်နော် မနာဘူးလား (နာပါတယ်ဘုရား)။

မိုးကြိုးပစ်တာ တစ်ခါတလေသာကိုကွ၊ ဒီဥစ္စာ ထိနမိဒ္ဓ ဝင်တာ၊ ထိနမိဒ္ဓကလောဘ ဒေါသနှစ်ခုဖြစ်နေတာ၊ လောဘ

ကြောင့် ထိနမိဒ္ဓတစ်မျိုး၊ ဒေါသကြောင့် (ထိနမိဒ္ဓတစ်မျိုးပါဘုရား)။

လောဘကြောင့်လာတော့လည်း တဏှာ၊ ဥပါဒါန်၊ ကံ၊ ဇာတိ၊ ဇရာ၊ မရဏ၊ အဝိဇ္ဇာ သံသရာ လှည့်ပတ်သွားတယ်။ ဒေါသကြောင့်လာတော့လည်း ဒေါသ၊ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ အဝိဇ္ဇာကျအောင် မလှည့်ဘူးလား၊ ကဲ မိုးကြိုးပစ်တာ တစ်ခါတလေကွာ၊ သူက ဘယ်နှစ်ပတ်လှည့်မှာတုံး (မရေနိုင်ပါဘူးဘုရား)။

## ဇာတိ၊ ဇရာ၊ မရဏ လှည့်နေတယ်

မရေနိုင်အောင် လှည့်နေတဲ့အခါကျတော့ မိုးကြိုးပစ်တာ တစ်ခါပဲသေတယ်၊ သူလှည့်လိုက်လို့ရှိရင် မင်းတို့အသေကို ဇာတိ၊ ဇရာ၊ မရဏ၊ တော်ကြာ ဇာတိ၊ ဇရာ၊ မရဏ ဦးဝင်း (မှန်ပါ) ဘယ့်နှယ်နေတုံး (လည်နေပါတယ်ဘုရား)။

လည်နေတာ မဟုတ်ဘူး၊ အသေဆိုးသေနေတာ ရိပ်မိပလား၊ လည်နေတာက တော်သေးတယ် အသေဆိုး ခဏ ခဏ သေနေရတာက (ပိုဆိုးပါတယ်ဘုရား) ပိုပြီး မနစ်နာဘူးလား (နစ်နာပါတယ်ဘုရား)။

အဲဒါ ဘယ်သူကနေပြီးသကာလ ဘယ်သူ့လှည့်စားလိုက်တာဆိုတာ ရိပ်မိပလားကွ (ရိပ်မိပါပြီဘုရား) ထိနမိဒ္ဓက

သမာဓိဝင်လုပ်နေတာ၊ သူကောက်ကျစ်တဲ့တရား၊ ဒါကြောင့် သူခိုးဆိုတာကော ကျေနပ်ဖလား၊ မင်းတို့သက်တမ်းကြီးကို အလကား ဖြုန်းပစ်တာလည်း ဘယ်သူတုံး (ထိနမိဒ္ဓပါဘုရား)

မင်းတို့ ရထားတဲ့ဉာဏ်ကလေးတွေ သတိမရအောင် တစ်ခါတည်းနောက် မိုးလင်းတောင်မပေါ်လောက်အောင် အချိန်တွေ ဖြုန်းပစ်လိုက်တာကော (ထိနမိဒ္ဓပါဘုရား) ဒါဖြင့် မင်းတို့ သန္တာန်ဘာကျန်ရစ်သေးတုံး သူဝင်လာလို့ရှိရင် (ဘာမှမကျန်ပါဘူးဘုရား)။ ဘာမှမကျန်ရင် သူ သူခိုးဘုရားက (တင်ပါဘုရား)။

သူခိုးကွတဲ့ ရိပ်မိပလား အကြီးစားပေါ့ကွ၊ အိမ်အတွင်းပစ္စည်းက ရှာရင်ရသေးတာ၊ သူတော်ကောင်းရတနာက ရှာရရဲ့လား (မရပါဘူးဘုရား) မရဘူးတဲ့ ဘုရားပွင့်မှ ဆရာကောင်းသမားကောင်းကြုံမှ တစ်ခါတလေရတာ၊ အင်မတန် အဖိုးတန်တဲ့ ပစ္စည်း (တင်ပါဘုရား)။

ဟိုပစ္စည်းက နတ်ရွာသုဂတိတွေသာ သွားနိုင်တယ် လှူနိုင်တန်းနိုင်လို့ရှိရင် (တင်ပါဘုရား) တစ်နည်း မလှူချင်၊ မတန်းချင်လို့ရှိရင် သူစွဲလမ်းသွားရင် အပါယ်လေးပါးသွားနိုင်တယ် (တင်ပါ) ဒီဟာက နိဗ္ဗာန်သွားနိုင်တဲ့တရား၊ ဒုက္ခချုပ်ငြိမ်းတဲ့ဆီ သွားနိုင်တဲ့တရားကို ခိုးသွားတာကိုကွ (မှန်ပါဘုရား)။

## အတွင်းပစ္စည်းခိုးသွားတာ

အတွင်းပစ္စည်းခိုးသွားတာ အပြင်ပစ္စည်းမခိုးဘူး၊ အတွင်းပစ္စည်းခိုးတော့ ဦးဝင်း အတွင်းပစ္စည်းနဲ့ အပြင်ပစ္စည်း ဘယ်ဟာက ခိုးချက်နာသတုံး၊ အဲ အတွင်းပစ္စည်းကို ခိုးတာ (မှန်ပါ) ထိနမိဒ္ဓက ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

ဦးဘအုန်း ဘာခိုးတာတဲ့ (အတွင်းပစ္စည်းခိုးတာပါဘုရား) အတွင်းပစ္စည်းဆိုတော့ ပေးထားတဲ့ ခုနင်ကပြောတဲ့ ဉာဏ်ကလေးတွေခိုးတာ (တင်ပါဘုရား) သဒ္ဓါလေးတွေခိုး၊ သတိလေးတွေခိုး၊ ခုန သမာဓိခိုး၊ ဝီရိယကော (ခိုးပါတယ်ဘုရား) ပညာကော (ခိုးသွားပါတယ်ဘုရား) ဝင်ခွင့်တောင်မပေးဘူးသူက။

ပေးသေးရဲ့လား (မပေးပါဘူးဘုရား) မပေးတော့ ဒ်ဘယ်သူခိုးသွားလို့ ဆုံရှုံးခြင်းလည်းဆိုတာ ပေါ်လာတာပေါ့ကွ (ထိနမိဒ္ဓပါဘုရား) ထိနမိဒ္ဓခိုးသွားတာ၊ ဦးဝင်း ဟန်ကျပလား (ကျပါပြီဘုရား)။ အဲဒါ ခင်ဗျားတို့ကလည်း အိပ်ရာနေခင်း ကောင်းကောင်းမွန်မွန်နဲ့၊ စားလည်းအိပ်ကောင်းတဲ့အစားမျိုးလေးမှ စားတော့ အခိုးခံချင်လို့ ကြိုးစားရှာတာကိုကွ (မှန်ပါ) မဆိုနိုင်ဘူးလား (ဆိုနိုင်ပါတယ်ဘုရား)။

## ဒါမှ အခိုးများများခံရမှာ

ကိုယ်နဲ့သပ္ပါယဖြစ်တဲ့အစာလေး၊ အိပ်ကောင်းတဲ့အစားမျိုး၊ ကျန်းမာရေးကို ငဲ့တဲ့အစားမျိုး၊ အိပ်ရာနေခင်းကလည်း ကောင်းကောင်းမွန်မွန်ဆိုလို့ရှိရင်ဖြင့် ဒါမှ အိပ်တယ်ဆိုလို့ ရှိရင်ဖြင့် နှစ်နှစ်ခြိုက်ခြိုက်ရှိတယ် (တင်ပါဘုရား) ဒါမှ အခိုးများများခံရမှာ မောင်ထွန်းလှိုင် ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

အခိုးများများခံဖို့ပဲအတော်ကြိုးစားထားရတာဘုရားမဆိုနိုင်ဘူးလား၊ အခိုးများများခံဖို့ပဲ အစားကိုလည်း တပည့်တော်တို့ ရှာကြံပြီးသကာလ စားရတဲ့သဘော၊ အိပ်ရာနေခင်းကိုလည်းကောင်း ကောင်းမွန်မွန်ကို တစ်ခါတည်း ခန္ဓာကိုယ်ကို များများအိပ်နိုင်တဲ့အခြေအနေ ရောက်အောင်ကိုပဲ ခင်းကျင်းထားရတဲ့သဘော (တင်ပါဘုရား)။

ဒါ ဘာဖြစ်ချင်လို့ ဒီလောက်တောင် စီမံရတာလည်းလို့ မေးလို့ရှိရင် မင်းတို့အဖြေထွက်ပလား (ထွက်ပါပြီဘုရား) (ထိနမိဒ္ဓ ဝင်လာဖို့ပါဘုရား)၊ပစ္စည်းပျောက်ချင်လို့ပဲဆိုလိုက်ပါ အတွင်း ပစ္စည်းပျောက်ချင်လို့။

ဘယ်လိုပဲ ဘာနဲ့ထည့်ထားထား မီးခံသေတ္တာနဲ့ထည့်ထား မီးခံသေတ္တာထဲမှာ အံဖုံးနဲ့ထည့်ထားထား ဒါ ပျောက်မှာပဲ ပျောက်ပေဘူးလား (ပျောက်ပါတယ်ဘုရား) ထိနမိဒ္ဓကဝင်လာရင် (ပျောက်ပါတယ်ဘုရား)။

လောကီသူခိုး ခိုးလည်းပျောက်တာပဲ၊ လောကီသူခိုးက လည်း ထိနမိဒ္ဓကြောင့် ခိုးသွားတာပဲ၊ လောကုတ္တရာသူခိုးက ကော (ထိနမိဒ္ဓကြောင့်ခိုးတာပါဘုရား) ဒါကြောင့် သူ့ သူခိုးလို့ နာမည်ပေးတာ မောင်ထွန်းလှိုင်က ငြင်းနေဖို့ လိုသေးလား (မလိုပါဘူးဘုရား)။

ဒီအိမ် အိပ်ရေးကြီးလိုက်တာ တစ်ညလုံးရှာဖွေယူသွား တာတောင် မသိလိုက်ဘူးတဲ့ သူ့ကြောင့် ယူသွားတာ (တင်ပါ ဘုရား)။ ဒါဖြင့် သူခိုးခိုးဖို့ရာ ကျုပ်တို့ အတော်ကြိုးစားထားရ တယ်၊ အိပ်ရာနေခင်းကောင်းအောင်ပေါ့ကွာ (တင်ပါဘုရား) ဘယ်သူ ခိုးဖြစ်အောင် ကြိုးစားရတုံး (သူခိုး ခိုးကောင်းအောင်ပါ ဘုရား)။

## ကိုယ့်ဆင်းရဲရေး

သူခိုး ခိုးကောင်းအောင် ကြိုးစားတာကို မင်းတို့က ကိုယ့်ကျန်းမာရေးလို့ထင်နေတာ (တင်ပါဘုရား) ကိုယ်ဆင်းရဲ ရေးကြီး၊ ကိုယ့်ကျန်းမာရေးလား ကိုယ့်ဆင်းရဲရေးလား (ကိုယ့် ဆင်းရဲရေးပါဘုရား) ကိုယ့်ဆင်းရဲရေးကို မင်းတို့က ဘယ်လို သုံးနေတုံး (ကိုယ့်ကျန်းမာရေးလို့ သုံးနေပါတယ်ဘုရား) သွား ရောပေါ့ကွာ၊ သွားသေးဘူးလား။ အင်း - အဲဒီကျအောင် လွဲနေ လို့ ဒီပါဋိထွက်လာတာကွ (တင်ပါဘုရား) ကဲ မဟောသင့်ဘူး

လား ဘုရားက (ဟောသင့်ပါတယ်ဘုရား) ဦးဝင်း ရိပ်မိပလား (တင်ပါဘုရား)။

ကျုပ်အတွက်ဗျာ နေရာထိုင်ခင်းတော့ဖြင့် သီးသန့်နေရာလေးပေးပါဗျာ၊ မဆူမပူတဲ့နေရာလေး ဒီလိုနေရာမှ ကျုပ်တို့က နေတတ်ထိုင်တတ်တာဗျ၊ အိပ်ပြန်လို့ရှိရင်လည်း အချိန်မတော်နိုးမူးတတ်သေးတယ်ဗျ လာချင်လာဦးမှာကိုကွ၊ ဒါက အဲတော့ အိပ်တယ်ဆိုလည်း မိန်မိန်ရှက်ရှက်ရှိအောင်ဆိုတော့ ဒီအိပ်တဲ့ အချိန်အသက်တမ်းကြီးဟာက အဟောသိကံကိုကွ (တင်ပါဘုရား)။

## အိပ်တဲ့အချိန်ဘာလို့ဆိုမလဲ

လူ့ဘဝရတဲ့အထဲမှာ ဒါလူဖြစ်တဲ့အချိန်လို့ဆိုမလား (မဆိုပါဘူးဘုရား) လူဖြစ်တဲ့အချိန်မှမဟုတ်ဘဲ၊ အလဟဿ အချိန် (ဝါ) သူခိုးခိုးတဲ့အချိန် မဆိုနိုင်ဘူးလား (ဆိုနိုင်ပါတယ်ဘုရား)။

အဲတော့ကို ဩော်. . . ထိနမိဒ္ဓက ဘုရားသခင်ကိုယ်တော်မြတ်ကြီးက နိဝရဏတရားလို့ တစ်ချက်ဟောတယ် နိဝရဏတရားဆိုတာ မဂ်တား ဖိုလ်တားတာ (မှန်ပါဘုရား) ဘယ်လောက်ဆိုးတုံး၊ (ဆိုးပါတယ်ဘုရား)။

သမာဓိထဲ ဝင်လုပ်လိုက်တယ်ဆိုရင် မဂ်တားဖိုလ်တား သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပဝင်ခွင့်ရသေးရဲ့လား (မရပါဘူးဘုရား)၊ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပမှ ဝင်လို့မရတော့၊ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပ က မဂ်ကိုကွ၊ အဲဒီမဂ်ကိုပဲဝင်ခွင့်ရသေးရဲ့လား (မရပါဘူး ဘုရား)။ မရတော့ သူမဂ်တား ဖိုလ်တားဆိုတာ မပေါ်သေးဘူး လား ရှင်းပလား (ရှင်းပါပြီဘုရား)။

ထိနမိဒ္ဓကသာ သမ္မာဒိဋ္ဌိ ကိုယ်စားလှယ်လုပ်ပြီး ဝင်နေလို့ ရှိရင်ဖြင့်၊ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပဆိုတဲ့မဂ္ဂင်နှစ်ပါးဝင်နိုင်သေးရဲ့ လား (မဝင်နိုင်ပါဘူးဘုရား) မဝင်နိုင်တော့ သူ ဒီမဂ္ဂင်မှ မဝင်နိုင် တော့ သူမဂ်တားတယ်၊ မဂ်မှ မရဘဲနဲ့ ဖိုလ်ကျ ရပါဦးမလား (မရပါဘူးဘုရား)။ ဒါကို မဂ်တား ဖိုလ်တား တရားပေါ့။

## နီဝရဏဆိုတာမဂ်ဖိုလ်တားတယ်

ဒါကြောင့် နီဝရဏတရား၊ နီဝရဏဆိုတာ တားမြစ်တာ ဘယ်သူ့တားမြစ်တုံး၊ မဂ်ရမှာ ဖိုလ်ရမှာ တားမြစ်တယ်၊ ရှင်းပလား ဒါကြောင့် ကြိုးစားအိပ်ရဦးမလား (မအိပ်ပါဘူး ဘုရား)။

ဦးဝင်းတို့ ကြိုးစားများအိပ်မိသေးလား (မအိပ်ပါဘူး ဘုရား) မအိပ်ဘူး၊ ပြိတ္တာကြီးတွေဖြစ်နေတဲ့အခါကျ ကမ္ဘာပေါင်း (၃၀) (၄၀) အိပ်နေရတာ (မှန်ပါဘုရား)။ ဘယ်လောက်ကြောက်

စရာကောင်းတုံး၊ ကာလနဂါးကြီးတို့ အိပ်နေတာများ ကြည့်စမ်းပါ။ ဘုရားတစ်ဆူမှ တစ်ခါနိုးတယ်ဆိုတော့ ဘယ့်နှယ်တုံး မင်္ဂိုလ်ကို ကပ်နိုင် သေးရဲ့လား၊ ဒါကြောင့် တိရစ္ဆာန်ဖြစ်နေတာ (တင်ပါဘုရား)။

မင်းတို့ပြောနေကြတာပဲကွ၊ ကိုယ့်ကာလနဂါးသာ မထည့်တာ၊ ဟိုကာလနဂါးကျတော့ မျက်စောင်းတော်တော် ထိုးတယ် မင်းတို့က မထိုးဘူးလားကဲ၊ မင်းက ကာလနဂါး ဆန်လိုက်တာ ဦးဝင်းတို့ ပြောလေ့မရှိဘူးလား (ရှိပါတယ်ဘုရား)။

ဘုရားတစ်ဆူ တစ်ဆူမှ တစ်ခါ တစ်ခါ နိုးတယ် မင်းဟာ လွန်လွန်းတယ် မပြောဘူးလား (ပြောပါတယ်ဘုရား)။ အေး . . ပြောသာ ပြောတယ် ကိုယ်ကကောတဲ့ ကာလနဂါးဖြစ်ဖို့ကို မကြိုးစားဘူးလားတဲ့၊ အိပ်ရာနေခင်း ကောင်းကောင်း၊ အစား အသောက်ကောင်းကောင်း ဘာဖြစ်လို့တုံး၊ ကာလနဂါး ဖြစ်အောင်လို့ ရိပ်မိပလားကွ (ရိပ်မိပါပြီဘုရား)။

အဲဒါတွေကို မသိပြီဆိုမှဖြင့် နိဝရဏတရားကို မသိတော့ဘူး၊ နိဝရဏဆိုတာ ခုနင်က မင်္ဂိုလ်ကို ပိတ်ပင်ဆီးတားတဲ့ တရား ဘယ်သူတုံးဆိုတော့ ခုနင်က ထိနမိဒ္ဓ၊ ငါဥပမာပြမယ် တဲ့ ဘုရားက အဇာတသတ်ကိုဟောတာပဲ ဒီဥစ္စာ (တင်ပါ)။

ထိနမိဒ္ဓံ အဒ္ဓုယာနံ ကွတဲ့၊ **ထိနမိဒ္ဓံ-ထိနမိဒ္ဓသည်၊ အဒ္ဓုယာနံ - အကျဉ်းထောင်ကျနေတဲ့ ပုဂ္ဂိုလ်နဲ့အတူတူပဲတဲ့၊**

အကျဉ်းထောင် ကျနေတဲ့ ပုဂ္ဂိုလ်က ပြင်ပမှာ သမဝါယမပွဲတွေ၊ လွတ်လပ်ရေး ပွဲတွေ၊ ထောင်ထဲကလူက လာနိုင်ရဲ့လား (မလာနိုင်ပါဘူးဘုရား)

## ဘုရားပွင့်နေလည်းသူနဲ့မဆိုင်ဘူး

ဘာများ သူသိသေးတုံး (မသိပါဘူးဘုရား) ဘာဖြစ်လို့တုံး ထောင်ကျနေလို့ မဟုတ်ဘူးလား၊ အဲ ထိနမိဒ္ဓဝင်နေတဲ့ ပုဂ္ဂိုလ်က ထောင်ကျနေတာတဲ့၊ ဘုရားပွင့်နေလည်း သူနဲ့မဆိုင်ဘူး၊ တရားဟောနေရင်ကော (သူနဲ့မဆိုင်ပါဘူးဘုရား)။

အင်း. . . နိဗ္ဗာန်ပို့နေရင်ကော သူနဲ့မဆိုင်ပါဘူး၊ နတ်ရွာသုဂတိပို့နေရင်ကော (မဆိုင်ပါဘူးဘုရား) ဒါဖြင့် သူ့ဟာ ဘာလုပ်နေတုံးဆိုလို့ရှိရင် ကောင်းတာဟူသ၍ ဘာမှ မဆိုင်အောင် နေတတ်တဲ့တရားကို ထိနမိဒ္ဓခေါ်တာပဲ ရှင်းပလား (ရှင်းပါပြီဘုရား)။

ကောင်းတာဟူသ၍ကို ဘယ်ဟာမှ သူမမျှော်မှန်းနိုင်တဲ့ တရားကို ဦးဝင်းဘာဆိုမတုံး (ထိနမိဒ္ဓပါဘုရား) ရိပ်မိပလား (ရိပ်မိပါပြီဘုရား) အစ်မတို့ကော၊ ကောင်းတာဟူသ၍ ဘယ်ထဲမှ ဝင်ဆံ့အောင် မရှိရအောင် ဆင်းရဲခြင်းတာရှည်အောင် လုပ်ထား တဲ့တရား ဘယ်သူတုံး (ထိနမိဒ္ဓပါဘုရား)။

## မဂ်ဖိုလ်မသွားနိုင်အောင်တားတာ

ဘာများဖြစ်တယ် မသိပါဘူး. အိပ်ချင်လိုက်တာလွန်လို့ ဘာများဖြစ်တယ်မသိဘူး၊ သူ့ဟာသူ ဘာများဖြစ်တယ် မသိဘူး တဲ့ မောင်ကိုရ သိပ်လျှော့ပါလားကွ။

ဘာဖြစ်နေရမတုံး၊ ဒါဘာများဖြစ်တယ်လို့မသိဘူး မနေပါနဲ့၊ မဂ်ဖိုလ်မသွားနိုင်အောင်လို့လုပ်နေတာပါ၊ ဘာမှမဖြစ် ပါဘူး၊ ဟုတ်ဘူးလား (တင်ပါဘုရား)။ မဂ်ဖိုလ်မသွားဖြစ်အောင် လို့ တားနေတာပါ။ ဘာများဖြစ်တယ်မသိဘူးတဲ့ အိပ်ချင်လိုက် တာ အပါယ်သွားချင်လို့ အိပ်ချင်တာ ရိပ်မိပလား (ရိပ်မိပါပြီ ဘုရား)။

ကိုင်း ဒါဖြင့် ထိနမိဒ္ဓဟာ နီဝရဏတရားဆိုတာ အကျဉ်း ထောင်ကျတဲ့ ပုဂ္ဂိုလ်နဲ့အတူတူပဲဆိုတာ ဘုရားဟောတော်မူတာ အဇာတသတ်ဟောတာပဲ (တင်ပါဘုရား)။

အကျဉ်းထောင်ကျတဲ့ပုဂ္ဂိုလ်ဟာ ဘယ်ကိစ္စမျိုးနဲ့မှ သူနဲ့ ဆက်သွယ်သေးရဲ့လား (မဆက်သွယ်ပါဘူးဘုရား) ပျော်စရာနဲ့ လည်း မဆက်သွယ်၊ ထူးထူးဆန်းဆန်းနဲ့ကော (မဆက်သွယ် ပါဘူး ဘုရား)၊ ဘုရားဆိုတာ ထူးထူးဆန်းဆန်းပွင့်လာတာ သူက ထောင်ကျနေ ဘယ့်နှယ်လုပ်မတုံး (မတွေ့ပါဘူးဘုရား)။

ကိုယ် ထိနမိဒ္ဓထောင်ကျနေရင် ဘယ့်နှယ်လုပ်မတုံး (မတွေ့နိုင်တော့ပါဘူး) အဲတော့ သူ့ကို သူခိုးလို့လည်း

ဟောတယ် အကျဉ်းထောင်ကျနေတဲ့ ပုဂ္ဂိုလ်နဲ့လည်း တူတယ်လို့ လည်းဟောတယ် (မှန်ပါဘုရား) ဘုရားက ရှင်းပလား (ရှင်းပါပြီ ဘုရား)။

အဲတော့ ခုလို ထိနမိဒ္ဓဝင်လာလို့ရှိရင်ဖြင့် ပမာဒ ဆိုတဲ့ ခုနင်က သတိတရားတွေအကုန်လွတ်သွားတဲ့အခါကျတော့ မေ့လျော့တဲ့သဘောဖြစ်သွားတော့ ဒါလူသေလေး ဖြစ်သွားတာပဲ (တင်ပါဘုရား) မဖြစ်ဘူးလား (ဖြစ်ပါတယ်ဘုရား)။

ဒါဖြင့် လူသေအဖြစ်လုပ်တာလည်း ထိနမိဒ္ဓအစပဲ၊ မဆိုနိုင်ဘူးလား (ဆိုနိုင်ပါတယ်ဘုရား)၊ လူသေအဖြစ် စပြီး လုပ်တာက ဘယ်သူတုံး (ထိနမိဒ္ဓပါဘုရား)၊ နောက်အစစ်ဖြစ်အောင်ကတော့ ဘဝင်ကလုပ်တာ (တင်ပါဘုရား)။ ထိနမိဒ္ဓ နောက်ကမှ အိပ်တဲ့ဘဝက လိုက်လာတာ (မှန်ပါဘုရား) ရှင်းပလား (ရှင်းပါပြီဘုရား)။

## အိပ်တဲ့စိတ်ကဘဝင်စိတ်

အိပ်တဲ့စိတ်က ဘဝင်စိတ်ကိုကွ၊ ဆိုတော့ ပထမစပေး လိုက်တာကတော့ ဘယ်သူက စပေးလိုက်တာတုံး (ထိနမိဒ္ဓက ပါဘုရား) အဲ သူက နေပြီးသကာလ ထိနမိဒ္ဓက အိပ်ဖို့ရာ စပေးတော့၊ ဘဝင်စိတ်က တစ်ခါတည်း အသေဖြစ်အောင် လုပ်ပစ်လိုက်တာ ဟုတ်ဘူးလား (တင်ပါဘုရား)။

ရှုသာရှုနေတာကွ ရှေမွန်းနေတဲ့ပုဂ္ဂိုလ်၊ ဝေဒနာတက်နေတဲ့ပုဂ္ဂိုလ်နဲ့ ထူးသေးရဲ့လား (မထူးပါဘူးဘုရား) ဘာသိသေးတုံး (ဘာမှမသိပါဘူးဘုရား)။

အေး ဒါ့ကြောင့် လူသေဖြစ်အောင် လုပ်တာလည်း ဘယ်သူတုံး၊ ဘဝင်၊ လူသေစဖြစ်အောင် ထိနမိဒ္ဓက စပေးသမား၊ သူနဲ့တော့ အိပ်တာမဟုတ်ဘူး၊ အိပ်တာကတော့ ဘဝင်နဲ့ သူက အိပ်ချင်အောင် စပေးလိုက်တာ၊ ရှင်းပလား(ရှင်းပါပြီဘုရား)။

သူက ဘယ်လိုစပေးလိုက်တုံး (အိပ်ချင်အောင် စပေးတာပါဘုရား)။ အိပ်တော့ ဘယ်သူနဲ့အိပ်တုံး (ဘဝင်နဲ့အိပ်တာပါဘုရား) ဘဝင်နဲ့အိပ်တယ်ဆိုပေမယ့် အိပ်ဖြစ်အောင် စပေးတဲ့ပုဂ္ဂိုလ်နဲ့ အိပ်တဲ့ပုဂ္ဂိုလ်နဲ့ဆိုတော့ မိတ်ဆွေကွ၊ ဟုတ်ဘူးလား (မှန်ပါဘုရား)။

## အအိပ်ပျက်ရင်မူးတတ်တယ်တဲ့

အဲတော့ ထိနမိဒ္ဓနဲ့ဘဝင်နဲ့ ဟော မိတ်ဆွေဖြစ်နေတာ၊ သံသရာထောင်ချတာ၊ မင်းက ဖမ်းခဲ့ကွာ၊ ငါကချမယ်ဆိုတော့ ဘာထူးသေးတုံး (မထူးပါဘူးဘုရား)၊ ထိနမိဒ္ဓက ဒီသံသရာ့ခရီးသည် ဖမ်းလာတာ၊ ဘဝင်က ထောင်ချလိုက်တာ ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

အဲဒါ မင်းတို့က ဒါကိုပဲ အတော်အရေးကြီးပြီးသကာလ မအိပ်နိုင်မှာ ကျုပ်က အစိုးရိမ်ဆုံးပဲ၊ အစားပျက်တာအရေးမကြီးဘူး၊ ဘယ့်နှယ်တုံး၊ ဦးဘအုန်းရေ အတော်ဆိုးနေပါပေ့လား၊ မောင်ကိုတို့ အစားပျက်မှာနဲ့ အအိပ်ပျက်မှာ ဘယ်ဟာ စိုးရိမ်တုံး၊ မောင်ကိုတို့က နည်းနည်းစကားတတ်တယ်၊ အစ်မတို့လိုပဲ အစားပျက်မှာကို ဒီလောက်မစိုးရိမ်ဘူး သူတို့က အအိပ်ပျက်ရင် မူးတတ်တယ် (မှန်ပါဘုရား)။

## စားနိုင်မှအိပ်နိုင်မယ်တဲ့

စားနိုင်မှ အိပ်နိုင်မယ်ကလာပြီကောဗျ၊ ဟုတ်ဘူးလား မစားနိုင်လို့ရှိရင် မအိပ်နိုင်ဘူးဆိုတော့ ဦးဝင်းရေ ဒါကြောင့်ပဲ ကြိုးစားရှာနေရတာထင်ပါရဲ့၊ ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

မန္တလေးတင် ရှာလို့ အားမရလို့ ရန်ကုန်သွားရှာရတာပဲ ဘာဖြစ်လို့တုံးဆို အို . . . စားဖို့အိပ်ဖို့ပေါ့ဘုရား၊ သူများမေးဒါပဲပြောတယ် မဟုတ်လား (မှန်ပါဘုရား)၊ ဒီလိုမှ မရှာလို့ရှိရင် ဘယ်စားစရာရှိမလဲဗျ၊ ဟိုက အိပ်တာက ပါသွားပြီ၊ စားရင် အိပ်တော့မှာပဲ သူ့ဟာသေချာနေပြီ၊ ရှင်းပြီလားကွ (ရှင်းပါပြီဘုရား)။

## ထိနမိဒ္ဓအားပေးတရားတွေ

အဲတော့ အခုလောကမှာ ဘယ်ဟာအားပေးတရားတွေကို ရှာနေကြသတုံးသာမေးကြ၊ ထိနမိဒ္ဓအားပေး၊ ဘဝင်အားပေး၊ မဆိုနိုင်ဘူးလား၊ မောင်အေး မင်းအခုအားကြိုးမာန်တက်ရှာနေတာ ဘာတုံးကွ (ထိနမိဒ္ဓအားပေး၊ ဘဝင်အားပေးပါဘုရား) ဒါမှ မင်ဖိုလ်မရမှာကိုကွ၊ နို့မဟုတ်ရင် မင်ဖိုလ်များရသွားလို့ရှိရင်လည်း ခက်ကောင်း ခက်ရချည့်သေးဖြစ်နေဦးမှာ။

ဒီလိုမရှာရင် ဘာစားမတုံး၊ ဘာစားချင်လို့ရှိရင်ဖြင့် ဘယ့်နှယ်လုပ်ပြီးအိပ်နေ၊ ဘယ့်နှယ်လုပ်မလဲ၊ ဟုတ်ဘူးလား (မှန်ပါဘုရား)။ အဲတော့ စားဖို့လည်းရှာရသေး၊ အိပ်ဖို့လည်းရှာရသေး၊ အိပ်ဖို့လည်း အိမ်ဆောက်ရတယ် တိုက်တည်ရတယ် (မှန်ပါဘုရား)။

ကဲ သူတို့နှစ်ခု အားပေးနေတာ၊ အဲဒါ သံသရာရှည်တာသာပြောတယ်၊ ရှည်ခြင်း၏အကြောင်းက ကိုယ်ကိုယ်တိုင် လုပ်နေတာ၊ ဟုတ်ပြီလား ရှည်ခြင်းအကြောင်းက ဘယ်သူလုပ်တာတုံး၊ ကိုယ်ကိုယ်တိုင်လုပ်တာ၊ ဘုရားက တို့များသတိမထားလို့ထင်ပါရဲ့ တို့ဘယ်ဘုရားမှမပါဘူးလို့ အောက်မေ့မနေနဲ့။

## ဘုရားကိုစွဲချက်မတင်ပါနဲ့

ဘယ်ဘုရားကမှ တို့ကိုကရုဏာမထားခဲ့လို့ထင်ပါရဲ့၊ တို့

ကျွတ်တမ်းကို မဝင်ခဲ့ဘူး၊ ဘုရားကလည်း ဂင်္ဂါဝါဠု သဲစုမကတဲ့ နည်းတဲ့ဘုရားတွေမဟုတ်ဘူး၊ ဟာ-ဘုရားများ သွားပြီးစွဲချက် မတင်နဲ့ဦး၊ (မှန်ပါဘုရား)၊ ကိုယ်ကိုယ်တိုင်က ဘာတုံးဆိုတော့ စားဖို့အိပ်ဖို့ပဲ ဝအောင် အရေးကြီးနေတာ၊ မကြီးဘူးလား (ကြီး ပါတယ်ဘုရား)။

တိရစ္ဆာန် ဖြစ်ပြန်တော့လည်း အိပ်ရာက နိုးရင် အစာ ရှာပြီ (တင်ပါ) အစာစားလို့ဝရင် အိပ်ပြီ၊ ဒိပြင်ဘာရှိသေးတုံး၊ (ဘာမှမရှိပါဘူးဘုရား) လူတွေကျတော့ကော မသိတဲ့ပုဂ္ဂိုလ်မှာ မရှိတော့ ရှာတယ်၊ ရှာလို့ရပြန်တော့စားတယ်၊ စားပြီးသကာလ သူကောင်းကောင်းမွန်မွန်အိပ်တယ်။

အဲဒီထဲကနေပြီးသကာလ ဒါရန်သူပါလားဆိုပြီး အခု သိတဲ့အချိန် လုပ်ပစ်ရမယ် (တင်ပါဘုရား)၊ ထိနမိဒ္ဓဟာ အတော် ဆိုးတဲ့တရား ထောင်ချတော့လည်းသူပဲ၊ ခန္ဓာကိုယ်ဟာ အတော် ဆိုးတဲ့တရား ထောင်ချတော့လည်း သူပဲ၊ ခန္ဓာကိုယ် သက်တမ်း ကြီးကို လူ့ဘဝအနှစ်တစ်ရာနေရမယ့်ဥစ္စာ၊ (၇၅)နှစ်နေရာမှာ (၇၅) နှစ်ထဲက ထက်ဝက်သာသာ နှုတ်သွားတော့လည်းသူပဲ၊ ထက်ဝက်သာသာမနှုတ်ဖူးလား (နှုတ်ပါတယ်ဘုရား)။

(၂၄) နာရီဆို (၁၂) နာရီလောက်ပါသွားပြီ၊ ကြားဖေါက် အိပ်တဲ့လူထည့်မယ်ဆိုတော့ ဖျားတာ နာတာ ထည့်ရုံတင်မက ဘူး၊ ကြာတော့ ကျန်ကို မကျန်တော့ဘူး၊ လူ့ဘဝ ကျန်ရစ်သေးရဲ့ လား (မကျန်ပါဘူဘုရား)။

ဘယ်သူနုတ်သွားတုံး (ထိနမိဒ္ဓနုတ်သွားလို့ပါဘုရား) ထိနမိဒ္ဓနဲ့ ဘဝင်နဲ့ရောနုတ်၊ သူတို့နှစ်ယောက်ရောနုတ်သွားလိုက်တာ ဘာကျန်ရစ်သေးတုံး၊ ထီတော့ ပေါက်ချင်လိုက်တာ ဗလာချည်းထိုးမိလျက်သားကြုံနေတယ်။

ဒါတွေ သဘောပါမှ ဦးဝင်းတို့ရ (မှန်ပါ) ဒါတွေသဘောမပါတော့ မင်းတို့ဟာ တွက်မှမတွက်တော့ဘဲ၊ ကုန်သာ အရှုံးအမြတ်ပိုင်း ကျအောင်တွက်နေတာ (တင်ပါဘုရား)၊ ကိုယ့်ရတဲ့ဘဝကြီးကို ဘာများကျန်သေးတုံး တွက်ကြည့်ရမှာ၊ သူတော်ကောင်း အလုပ်ဘယ်လောက်များပါသတုံး တွက်ကြည့်ရမှာ (မှန်ပါ)။

## နုတ်ပစ်တာများသွားလို့

မပါတော့ ဘယ့်နှယ်ဖြစ်နေသတုံးဆိုလို့ရှိရင် တို့ဟာကံမကောင်းအကြောင်းမသင့်လို့ထင်ပါရဲ့၊ မင်္ဂဖိုလ်ရဖို့ရာအတော်ကိုပဲ ပါရမီက မရှိလို့ထင်ပါရဲ့ ဘယ်ဟုတ်လိမ့်မတုံး၊ နုတ်ပစ်တာ များသွားလို့ (တင်ပါ)။

ပါရမီမရှိလို့လား (နုတ်ပစ်တာများလို့ပါဘုရား)၊ အဲတော့ နုတ်ပစ်တာများတာ ကိုယ့်ဟာကိုယ်တော့ မတွေးဘူး၊ ပါရမီဆိုတာ မြင်ကောင်းတာလည်းမဟုတ်ဘူး၊ အဲဒါကြီးသွား စွဲချက်တင်လိုက်တယ်၊ သူ့ကြောင့် ပါရမီကြောင့်မရတာ၊ နုတ်တာတော့ မင်းတို့က စွဲချက်ထဲပါသေးရဲ့လား (မပါ ပါဘူးဘုရား)။

## သက်တမ်းကာလည်းတို

မောင်ကိုကော ပါသေးလား၊ ရှင်းပလားကွ (ရှင်းပါပြီဘုရား) ဒါဖြင့် နုတ်တာနဲ့ လူ့ဘဝကျန်တာနဲ့ ဘယ်ဟာကများတိုး (နုတ်တာကများပါတယ်ဘုရား)၊ နုတ်တာကများပြီးသကာလ နေတော့ သက်တမ်းလည်းရှည်သလား၊ တိုသလား တစ်ခါမေးတော့ (တိုပါတယ်ဘုရား)၊ တိုတဲ့အထဲဘယ်သူကများနေတုံး (နုတ်တာက များပါတယ်ဘုရား)။

ဘယ်ဟာကျန်သေးတုံးကွ (မကျန်ပါဘူးဘုရား) သုည ကျန်တော့တယ် နုတ်လိုက်တာ၊ သဘောကျပလား (ကျပါပြီဘုရား) သုညကျန်မှာပေါ့ကွ၊ အမိဝမ်းခေါင်းထဲမှာ ကိုးလခွဲ၊ ဆယ်လကလည်း သုညနဲ့နေနေခဲ့တာ (မှန်ပါ) နောက် လေးဖက်သွားတွေဘာတွေကျတော့ သုညနဲ့နေတာ သူတော်ကောင်းပါသေးရဲ့လား (မပါပါဘုရား)။

နောက် ကျောင်းကန်တွေနေပြန်တော့ကော (သုညပါဘုရား)။ သုညပဲ၊ နောက်အိမ်ထောင်ရက်သားကျတော့ လူချင်းတူတူ သူချင်းမျှမျှ လုပ်နေရတော့ (သုညပါဘုရား)၊ သုညချည်းပဲ၊ နောက်အိုပြန်တော့လည်း သုညကျန်တော့တယ်၊ နာပြန်တော့ ကော (သုညပါဘုရား)၊ သေခါနီးတော့ကော (သုညပါဘုရား)။

## ဝိတက်များရင်ဝိတက်ရှ

အဲဒါ မတွက်ဘူးကွ လူတွေက ပါရမီတွက်နေတယ် ပြောတဲ့ဘုန်းကြီးက ညံ့လို့လိုလို၊ ဟုတ်လား ကိုယ်ကပဲ ဝိတက်များလွန်းလို့လိုလို၊ မဟုတ်ဘူး ဝိတက်တွေ ဘာတွေ အသာထားပါတဲ့ ဝိတက်များရင် ဝိတက်ရှုလိုက်လို့ ရပါတယ်၊ မနေ့ညက ပြောတဲ့ တရားလေ ဝိတက်များဘာလုပ်မတုံး ဝိတက်ရှုလိုက်လို့ ရှိရင် ကာမဝိတက်ဆိုရင်လောဘကွ (မှန်ပါဘုရား)။

## ကာမဝိတက်ဆိုတာလောဘ

ကာမဝိတက်ဆိုတော့ လောဘဆိုတော့ လောဘရှုချ လိုက် ပဋိစ္စသမုပ္ပါဒ်မပြတ်ဘူးလား (ပြတ်ပါတယ်ဘုရား)၊ ဗျာပါဒ ဝိတက် ကျုပ်ကိစ္စတွေ များလွန်းလို့ဆို ဗျာပါဒဝိတက် (မှန်ပါ)။

အဲဒီကိစ္စကို များတဲ့ စိတ်ကလေး၊ ဝေနေတဲ့ စိတ်ကလေး သိပ်ပြီးသကာလ နှလုံးမသာယာတဲ့ စိတ်ကလေးရှုချလိုက် (တင်ပါဘုရား) ဒေါသ ရှုချလိုက်တာပေါ့၊ ဝိဟိံသ ဝိတက်ဆိုတာ လည်း အတူတူပဲ ဒေါသအကြီးစားပဲ (တင်ပါ) သဘောကျပလား အဲတော့ မင်းတို့ မရှုနိုင်တဲ့နေရာကော ရှိသေးရဲ့လား (မရှိပါ ဘုရား)။

## မရှုဖြစ်မှာသာ စိုးရိမ်ရတာယ်

မရှုဖြစ်မှာသာစိုးရိမ်ရတာယ် (မှန်ပါ) အဲ-သတိ၊ သမာဓိ၊ ဝီရိယက သုံးခုတွဲ ဦးဝင်းရဲ့ သတိလေးတစ်ခုတည်း ဘယ်တော့မှ မဖြစ်ဘူး (မှန်ပါ)၊ သတိနဲ့ (သမာဓိ၊ ဝီရိယနဲ့) ဒီသုံးခုက တွဲလျက်ချည်းဖြစ်နေရမယ်၊ သတိ၊ သမာဓိ၊ ဝီရိယက သူတို့က စုံဝင်တာ၊ အလုပ်တစ်ခု လုပ်ရင် စုံအလုပ်လုပ်တာ (မှန်ပါ) သဘောကျပလား (ကျပါပြီဘုရား)။

အလုပ်တစ်ခု လုပ်ရင် စုံအလုပ်လုပ်တဲ့ တရားကိုလည်း ကိုယ်က မှတ်ထားရတယ် (တင်ပါဘုရား) အဲတော့ သူတို့ သုံးခုသာ မင်းဖြိုင်ဖြိုင်ကြီး အာရုံပေါ်မှာ ရောက်နေလို့ ရှိရင်ဖြင့် ပညာဆိုတဲ့ ဥစ္စာက အထူးမရှာရတော့ဘူးတဲ့ သဘောကျပလား (ကျပါပြီဘုရား)။

ပညာသည်ကားဆိုလို့ရှိရင်ဖြင့်တဲ့ ဥပမာ ထင်းလေးတွေ ဒီနားထား ခါးလေးဒီနားချထား၊ ထင်းလေးတွေ ဖြတ်ဖို့ရာ ခါး ဒီနားချထားတာနဲ့ ပြတ်ပါ့မလား (မပြတ်ပါဘူးဘုရား)၊ မပြတ်ဘူး (မှန်ပါ) ကိုင်ခုတ်လိုက်ရင်တော့ (ပြတ်ပါတယ်ဘုရား)။

အဲ ဒီမှာလည်း သတိ၊ သမာဓိ၊ ဝီရိယတို့က ကိုင်ထားလို့ ရှိရင်တဲ့ ဟိုဟာ ပြတ်ဖို့ရာတဲ့တဲ့ ကျန်တော့တယ်၊ ဟုတ်ဘူးလား ထင်းလည်းရှိပြီ၊ ခါးလည်းရှိပြီဆိုတော့ ပြတ်ဖို့ဟာလေးကတော့ သာမညရှိတော့တယ် (မှန်ပါ) ဟုတ်ဘူးလား။

## ပညာအလိုလိုဝင်လာမယ်

အဲတော့ သတိ၊ သမာဓိ၊ ဝီရိယသာ မင်းတို့ မလွှတ်ကြဘူးဆိုလို့ရှိရင် ပညာအလိုလိုဝင်လာမယ် (မှန်ပါ) မဝင်လာဘူးလား (ဝင်လာပါတယ်ဘုရား) မင်းတို့ဟာ မင်းတို့သာ သတိ သမာဓိ ဝီရိယနဲ့ ဟုတ်လား တစ်ခါတည်းဖြင့်သာ တည့်နေအောင် လုပ်နေလို့ရှိရင် ပညာက သူ့ဝင်လာတဲ့အချိန်ကျတော့ ဒါတွေ ကိလေသာဖြတ်ပစ်လိုက်မှာပဲ။

လိုချင်တဲ့ ကိလေသာဖြတ်မပေးလိုက်ဘူးလား၊ ခုနဖြစ်ပျက်ကို အရင်တုန်းကတော့ မသိလို့ လိုချင်နေတာ (တင်ပါ) အခုသိလာတဲ့ တစ်နေကျတော့ သတိ၊ သမာဓိ၊ ဝီရိယနဲ့ စိုက်ကြည့်တဲ့ အခါကျတော့ ပညာက၊ ဒါကြောင့် ပညာကို မင်းတို့က ဆုတောင်းရတာမဟုတ်ဘူး။ ပညာ သူ့အလိုလို ဝင်လာတာ (တင်ပါဘုရား) သဘောကျပလား (မှန်ပါ)။

## မူလမဂ္ဂင်ကအားထုတ်ထားတယ်

ပညာဟာ သူ့အလိုလို ဝင်လာတယ်ဆိုတာ တခြားမဟုတ်ဘူး သိပြီးသား ပုဂ္ဂိုလ်မှ ဝင်လာတာ၊ မသိသေးတဲ့ ပုဂ္ဂိုလ်ကိုဆိုလို့မရဘူး၊ သိပြီးသား ပုဂ္ဂိုလ်ကျတော့ သတိ သမာဓိ ဝီရိယနဲ့ မူလမဂ္ဂင်ကပဲ အားထုတ်ထားတယ်၊ နောက်ကျတော့ မူလမဂ္ဂင်နဲ့ပဲ မုန်းအောင်လုပ်လိုက်၊ နောက်မှ ဆုံးချင်တဲ့ အခါကျတော့ သူဝင်လာတယ်၊ ဒါ-မုန်းပြီးသားမို့ သူဝင်လာတာ (တင်ပါ)။

မမုန်းခင်တုန်းက သူလာရဲ့လား (မလာပါဘူးဘုရား)။ ကိလေသာဖြတ်တဲ့ မဂ်ဟာလေ (တင်ပါ) အဲတော့ ဘယ်သူ အရေးကြီးတယ်ဆိုတာ သဘောကျပလား (သဘောကျပါပြီ ဘုရား)။

## သတိ၊ ဝီရိယ၊ သမာဓိ အရေးကြီးတယ်

သတိ ဝီရိယရယ် သမာဓိရယ် ဒီသုံးခုအရေးကြီး နေတယ်၊ ပညာနဲ့သမ္မာသက်ပ္ပ သူ့ဟာသူဝင်လာမယ် (တင်ပါ ဘုရား) အဲဒါတောင့်တရတာ ဟုတ်သေးရဲ့လား (မဟုတ်ပါဘူး ဘုရား)။

ရှေ့က အမှိုက်တွေ ရှင်းဖို့ရာက သတိတို့၊ ဝီရိယတို့၊ သမာဓိတို့ သူတို့က ရှင်းမှ ပညာက မီးခြစ်ကလေး ခြစ်ပြီး ရှို့လို့ သယ်လုပ်မယ့်နေရာ လယ်ရှင်းချင်တော့လေ (မှန်ပဲ့)၊ မီးခြစ် ခြစ်ရှို့ရတဲ့လူနဲ့ စုပုံရတဲ့လူနဲ့ ဘယ်သူက ပင်ပန်းတုံး (စုပုံရတဲ့ သူက ပင်ပန်းပါတယ်ဘုရား)။

## မီးရှို့တာက ပညာအလုပ်

စုပုံဘာ သတိဝီရိယ သမာဓိအလုပ်၊ မီးရှို့တာက ပညာအလုပ် (မှန်ပါဘုရား)။ ဒါ ပဏ္ဏာသမှာ ဒီအတိုင်းလာတယ် (တင်ပါဘုရား)။ ပညာက အရေးကြီးတော့ ကြီးပါတယ်တဲ့။

သူက နောက်ဆုံးပိတ် အသားယူတဲ့တရားမို့ အရေးတော့ကြီးတယ်။ ဟုတ်ဘူးလား (တင်ပါဘုရား)။

အသားယူတဲ့တရားကို သူက ကိလေသာ ဖြတ်တဲ့ဉာဏ်၊ သူမှတစ်ပါး ဒိပြင်ဉာဏ်က ဖြတ်မည့်လူမရှိဘူး (တင်ပါ) ရှိပါ့မလား (မရှိပါဘူးဘုရား)။ သူက အသားယူဖေါ် ရတယ်။ ရှေ့ကလုပ်ထားရတာ နည်းတာတွေ မဟုတ်ဘူး။

ဝီရိယက ဖြစ်ပျက်ကို တစ်ခါတည်း ယထာဘူတဉာဏ်ရအောင်လည်း သူပဲ၊ နိဗ္ဗိန္ဒဉာဏ်ရအောင် (သူပါဘုရား) ဒီဉာဏ်က မဂ်ဉာဏ်လေးရဖို့ရာလေး သူလာတာကွ၊ ဟုတ်ဘူးလား။

ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ သီလဗ္ဗတပရာမာသ ဆိုတာတွေ သတ်ဖို့ရာ သူလာတာ၊ မင်းတို့ ရှင်းပြီးပြီလား၊ ရှင်းပြီးရင် ငါလာခဲ့မယ် ပြောတာ (တင်ပါဘုရား) မရှင်းသေးရင် (မလာပါဘူးဘုရား)။

ဒါဖြင့် မင်းတို့ဟာ အခုအရေးကြီးနေတာက ရှေ့ပိုင်းမှာ အရေးကြီးနေတာ၊ ရှေ့ပိုင်းက လိုနေတာ ရှေ့ပိုင်းက ဘယ်သူနဲ့ နုတ်တုံးဆိုရင် ထိနမိဒ္ဓက ဝင်နုတ်ပစ်တာ (မှန်ပါ့) သဘောကျပလား (ကျပါပြီဘုရား) ရှေ့ပိုင်းသုံးခုကို ဘယ်သူက ဝင်နုတ်တာတုံး (ထိနမိဒ္ဓကပါဘုရား)။

အင်း ထိနမိဒ္ဓက ဝင်နှုတ်လိုက်တဲ့အခါကျတော့ နဂိုကမှ စုထားတာမှမရှိပဲနဲ့ သူက လာမီးရှို့လို့ (မရပါဘူး ဘုရား) ရပ့်မလား (မရပါဘူးဘုရား) အဲဒီလိုဖြစ်သွားတာ မောင်အေး (မှန်ပါ့ဘုရား)။

ဘယ့်နှယ်ကြောင့် ဘာဖြစ်နေတုံး၊ အို - ဘာဖြစ်မနေနဲ့ ရှေ့အတွက် မပဟန်ဘူး (ထိနမိဒ္ဓဝင်တာ အကြီးစားပါဘုရား) အကြီးစားလေ၊ အကြီးစားပေမယ့်လည်း လူတွေက မိတ်ဆွေဖွဲ့နေတာကွ၊ အကြီးစား ဓိတ်ဆွေဖွဲ့နေတာ (မှန်ပါ့ဘုရား)။

## တစ်ရေးတမော အိပ်လိုက်ဦးမယ်တဲ့

ကျုပ် တစ်ရေးတမော အိပ်လိုက်ဦးမယ်ဗျာ၊ မိတ်ဆွေသင်္ဂဟာလာလို့ရှိရင် ဟုတ်လား ကိုယ်က ဧည့်ခံတာပဲ၊ ခင်ဗျားဒီရောက်လာပြီ အေးအေးချမ်းချမ်းနေပါဦးဗျာ၊ အိပ်ပါဦး၊ ဒါလှည့်ဧည့်ခံနေတာပဲ ဒီပြင်ဘာပါသေးတုံး၊ ဟုတ်ဘူးလား၊ နို့မဟုတ်ရင် ဧည့်ဝတ်တောင် မကျေဘူး ပြောတာကွ (တင်ပါဘုရား)။

ကဲ . . . ဒီနေ့ သူဟာ အင်မတန် အရာကျယ်တဲ့တရားအခုပြောတဲ့ အဓိပ္ပါယ် နည်းတာတွေ မဟုတ်ဘူး (မနည်းပါဘူးဘုရား) မနည်းဘူးတဲ့၊ မင်းတို့ အလုပ်စခန်းမှာဖြင့် သူလှည့်စားတာ မခံဖို့ပဲ အရေးကြီးတယ်၊ ထိနမိဒ္ဓ လှည့်စားတာ မခံဖို့ (မှန်ပါ့ဘုရား)။

## နားနားနေနေ လုပ်တာပေါ့တဲ့

ထိန်မိဒ္ဓက အလုပ်ကလေးများ ခရီးပေါက်မည့်ကြံမှ သူကနေပြီး သကာလ "နားနားနေနေ လုပ်တာပေါ့ကွာ" သူဝင်ချင်လို့ လုပ်တာ (မှန်ပါဘုရား) သိနေ သိပ္ပံ သိနေစနံတဲ့ လောကနီတိလာပြန်ပြီ (မှန်ပါဘုရား)။

လောက ပြောနေတာကိုကွ၊ လောကနီတိဆိုတာက လောကုတ္တရာ ပြောတာလား (မပြောပါဘူးဘုရား) လောက ပြောနေတာကို ဘုရားဟောမှတ်ပြီး၊ တစ်ခါတည်း လောကထဲက မထွက်အောင် လုပ်နေတဲ့ လောကနီတိကိုကွ၊ အဲဒါ မင်းတို့က ဘုရားဟော တစ်ခါတည်း လုပ်ထည့်ပြီးသကာလ မောင်အေးတို့က လောကနီတိက ဒီလိုဆိုနေတာ။

## ဇီးကွက်လို့မြည်နေတာ

"မင်း ဒီလိုမနေနဲ့ ဒီလိုမသွားနဲ့ ဖြည်းဖြည်း" (လောကနီတိကို ဟုတ်တယ်ထင်နေပါတယ်ဘုရား) အသံထွက်နေတာကွ၊ ဇီးကွက် ဇီးကွက်လို့ မြည်နေတာ ဘာငှက်လဲလို့ မေးနေစရာမလိုဘူး (မှန်ပါ) မင်းတို့က မေးသေးတယ် ဒီငှက်ဘာငှက်တုံးဟ ! သူမြည်နေတာ နားထောင်ပါလား၊ သဘောကျပလားကွ (ကျပါပြီဘုရား)။

ဇီးကွက်မြည်နေတာ မောင်ကို မင်း ဘာငှက်မေးချင် သေးတုံး (မေးစရာ မလိုပါဘူးဘုရား) သို့သော်လည်း မေးတဲ့ ပုဂ္ဂိုလ်ကျရင် ဘယ့်နှယ်ဆိုမတုံး သူ လူမိုက်ပဲ (မှန်ပါဘုရား) ဟုတ်ဘူးလား (တင်ပါဘုရား) ဇီးကွက်ကိုပဲ သူမသိတာ၊ မဆို နိုင်ဘူးလား။

## လောကနီတိကို အားကိုးနေတယ်

ဒီမှာလည်း လောကနီတိကို မင်းတို့က အားကိုးနေတာ "သိနေသိပ္ပံ၊ သိနေခန်" ဟုတ်ဘူးလား၊ ဖြည်းဖြည်း ဖြည်းဖြည်း တက်ရတယ် ဆိုတော့၊ မောင်အေးတို့က သိပ်သဘောကျတယ် ပေါ့လေ၊ ဖြည်းဖြည်းသွားချင်တဲ့လူနဲ့ စာကလည်းဆိုထားတော့၊ ဒီလိုမနေဘူးလား မောင်ထွန်းလှိုင်ရ (နေပါတယ်ဘုရား)။

## ဘုရားဟောထဲ ထည့်တယ်

အဲ-ဒါကို မင်းတို့က တစ်ခါတည်း ဘုရားဟော လုပ်ပစ် လိုက်တော့ ဘုရားဆိုရင် ဓမ္မနီတိ (တင်ပါဘုရား) သူ့ခမျာ ရေးရှာတာ အပြစ်လွတ်အောင်လို့ လောကနီတိ၊ မင်းတို့ လောကသာ အသုံးချနော်၊ ငါ့ဘုရားထဲ သွားပြီးတော့ မင်းတို့ အသုံးချမနေနဲ့၊ မင်းတို့က ဘုရားဟောထဲ ထည့်ဆိုလိုက်တော့ ကိုယ် ပျင်းတာနဲ့ ကိုက်သွားတယ် မကိုက်ဘူးလား (ကိုက်ပါတယ် ဘုရား)။

## ကိုယ်ပျင်းတာနဲ့ ကိုက်သွားတယ်

ဘာနဲ့ ကိုက်သွားတုံး (ကိုယ်ပျင်းတာနဲ့ ကိုက်သွားပါတယ် ဘုရား) အဲ ကိုယ်ပျင်းတာနဲ့ ကိုက်လို့ရှိရင် မင်းတို့ ဒီဥစ္စာ အတော်မှန်တယ်၊ ကဲ မောင်ကိုတို့လူစု ဖျင်းပုံကွ (တင်ပါ) သဘောကျပလား ကဲ (ကျပါပြီဘုရား)။

ကဲ သက်တမ်းကော မင်းတို့ နုတ်တတ်ပလား (နုတ်တတ်ပါပြီဘုရား) ဒီထိနမိဒ္ဒနဲ့ ဘဝင်နဲ့ ရောနုတ်သွားတာနဲ့ သက်တမ်းမှာ အပုံတစ်ရာပုံ တစ်ပုံလောက်ပဲ ကျန်ရစ်တော့တယ် ဉာဏ် အချိန်ဟာလေ (မှန်ပါဘုရား)။

ကလေးအရွယ် နုတ်ကွာ၊ ဝမ်းထဲနေခဲ့တာနုတ်ကွာ၊ ကျောင်းနေတာ နုတ်ကွာ၊ မင်းတို့ကုန်သည်တွေ လုပ်နေတာ နုတ်ကွ (မှန်ပါ့) တော်ကြာ နာတော့ နာခန်းတွေ နုတ်ပြန်၊ သာခန်းတွေ လိုက်နေရတာကော (နုတ်ရမှာပါဘုရား) နုတ်ရမှာပဲတဲ့ မောတာတွေ နုတ်လိုက်ပါ။ မောလာလို့ ကျုပ်ဘာမှ မလုပ်နိုင်ဘူး။ နုတ်ကွာ၊ ဘာကျန်သေးတုံး။

တော်ကြာ အိပ်ချိန်ကျလည်း အိပ်ဦးမှ တော်မယ် နုတ်ကွာ၊ မနက်မိုးလင်းပြန်တော့ မျက်နှာသစ်တာနဲ့ နုတ်လိုက် ဟုတ်လား၊ ကော်ဖီသောက်တာနဲ့ နုတ်လိုက်၊ ပြီးပြန်တော့လည်း စက်သွားစရာရှိတယ်ဆို နုတ်လိုက်၊ ဘာများ ကျန်သေးတုံး (မကျန်ပါဘူးဘုရား)။

## နိဗ္ဗာန်ရောက်ဖို့ ဝေးသေးတယ် ပြောရှုံပဲ

မကျန်ပေမယ့်များ ဩော် ငါတို့သည်ကား နိဗ္ဗာန်ရောက်ဖို့ရာ ဝေးသေးထင်ပါရဲ့ အို . . . ဝေးတယ်လို့ ပြောရုံပဲ၊ မပြောထိုက်ဘူးလား ဘာဖြစ်လို့တုံး အနုတ်က များလာလို့ ဦးဘအုံးကျေနပ်ပလား (ကျေနပ်ပါတယ်ဘုရား)။

ဒီထဲက တစ်နေ့က မနုတ်ကြနဲ့တော့ဆိုတော့ ဦးမောင်အေးက နုတ်ပါရစေဦးလို့တောင် ပြောသေးတာ ကျုပ်ကို (တင်ပါဘုရား)။ သူတရားနာလာသေးတယ် (မှန်ပါ) တရားနာလာတော့ ဦးမောင်အေး ကျန်တဲ့ အသက်ထဲကတော့ မနုတ်နဲ့တော့ နုတ်တာတွေ များလွန်းပြီ၊ မဖြစ်ဘူးဘုရားတဲ့ ဒီထဲကမဲ နုတ်ရဦးမယ်။

မင်းတို့တွေလည်း ဒီထဲက နုတ်ဦးမှာလားကွ၊ အတူတူပါပဲဘုရား၊ နုတ်ရဦးမှာလား၊ ကျန်တဲ့အထဲက နုတ်ရဦးမယ်ဆိုတော့ နဂိုကမှ နည်းနည်းကျန်တာ ဘယ့်နှယ်တုံးဦးဝင်း ဘယ့်နှယ်လုပ်မတုံး။

## အနုတ်ကများလွန်းနေတယ်

ခုတော့ မင်းတို့ဟာက အနုတ်က များလွန်းနေလို့ ပြောရတာ (မှန်ပါ့) ဒါ လူတိုင်းတွက်မပြတတ်ဘူးကွ၊ သတိမထားရင် တွက်မပြတတ်ဘူး (မပြတတ်ပါဘူးဘုရား)။

အခု သေသေချာချာ သတိထားကြည့်လိုက်တော့ ကဲ ပဋိသန္ဓေကစပြီး၊ အဲတော့ ဘုရားတစ်ဆူ တစ်ဆူပွင့်တယ်၊ လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်း၊ ကုဋေရှစ်ဆယ်နဲ့ ဗိုလ်ခြေ တစ်သိန်း၊ နှစ်ဆယ့်လေးအသင်္ချေနှင့် ဗိုလ်ခြေတစ်သိန်း ဟုတ်လား (တင်ပါဘုရား) ကျွတ်တမ်းဝင်သွားကြတယ်၊ အဲဒီထဲ မပါဘူးတဲ့ သူနုတ်ထားတာနဲ့ မပါတာ။ ပါသေးရဲ့လား (မပါပါ ဘုရား)။

## ပါရမီစလိုက်ရတယ်ကို မရှိဘူး

ပါရမီစကို စလိုက်ရတယ်မရှိဘူး ဟုတ်ဘူးလား (မှန်ပါ ဘုရား) ပါရမီပြည့်ဖို့ရာ ဝေးလို့ စကို စလိုက်ရတာ ပါရဲ့လား။ (မပါပါဘူးဘုရား) စတာလေးကိုလည်း တစ်ခါ ထိနမိဒ္ဓက နုတ်ပြန်တော့ ဒီစတာလေးကလည်း အရင်းပျောက်သွား ပြန်တာ (မှန်ပါ)။

ပျောက်ဘူးလား (ပျောက်ပါတယ်ဘုရား) အမိဝမ်းခေါင်း ထဲ အောင်းလိုက် ပျောက်ထွက်သွားတာပဲ၊ ရင့်သေးရဲ့လား (မရင့်ပါဘူးဘုရား) အမိဝမ်းခေါင်းထဲ အောင်းလိုက်တော့ ဒီကလေးဟာ အထဲမှာ ဒုက္ခဝေဒနာနဲ့ နေရမယ်၊ မစားရ၊ မသောက်ရ၊ မဝတ်ရနဲ့ (တင်ပါဘုရား)။

## ခနောက်ထပ်ပျောက်စရာတွေ

ဘယ့်နှယ်နေတုံး ဒီဥစ္စာ ဒီကပေးလိုက်တဲ့ ဉာဏ်ကလေး ဘယ့်နှယ်ဖြစ်သွားတုံး (ပျောက်သွားပါတယ်ဘုရား) နောက်ကျတော့ ကလေးလေး ဘာလေးဖြစ်နေပြန်တော့ကော (ပျောက်ပါတယ်ဘုရား) နောက်ကျောင်းကန် လောကီပညာတွေ သင်နေတော့ကော (ပျောက်ပါတယ်ဘုရား) အိမ်ထောင်ရက်သား ကျပြန်တော့ကော (ပျောက်ပါတယ်ဘုရား) ဟာ ! မင်းတို့ ပေါ်တာ ပါသေးရဲ့လား (မပါပါဘူးဘုရား) ရိုပ်မိပလား မောင်အေး (တင်ပါဘုရား)။

နောက်ပျောက်စရာတွေ တစ်ပုံကြီး ရှိသေးတယ်ကွ မောင်ချစ်ဆွေ ဘာတဲ့တုံးကွ (ပျောက်စရာတွေ ရှိပါသေးတယ်ဘုရား) ဦးဝင်းကော (ပျောက်စရာတွေရှိပါတယ်ဘုရား) ဘာပျောက်မှာတုံး ပါရမီ မျိုးစေ့လေးတွေ ဘယ်နှယ်နေတုံး (ပျောက်မှာပါဘုရား)။

## ပျောက်ရုံတင်မကပါဘူး

ပျောက်ရုံတင်မကပါဘူးလို့ တစ်နေ့က ပောလိုက်တယ် (တင်ပါဘုရား) မီးတောင်ရှို့လိုက်သေးတယ်၊ ပြောင်ကိုသွားအောင် စိတ်မချမ်းသာလို့ ကျုပ်တော့ ဘာမှ မတွေးဘူး၊ ဒေါသမီးလောင်ချလိုက်တာ၊ ဝိပဿနာအလုပ်ဆိုလို့ရှိရင် ကျုပ်

စိတ်မချမ်းသာလို့ လုပ်ကို မလုပ်ချင်ဘူး ဒေါသမီးက ရှို့ပစ်လိုက်တာ (မှန်ပါ့)။

ခုန ဝိပဿနာလုပ်မည့် ဉာဏ်ကလေးတွေကို အရင်သိထားတာလေးတွေကို ဘယ့်နှယ်နေတုံး၊ ဒေါသမီးနဲ့ ရှို့မပစ်လိုက်ဘူးလား (ရှို့ပစ်လိုက်ပါတယ်ဘုရား)။

အေး . . . စီးပွားရေးက အကြောင်းညီညွတ်နေပြန်တော့လည်း "အချိန်ရှိခိုက် လုံ့လစိုက်ဟဲ့" ဆိုပြီး စီးပွားရေးချည်းစိုက်နေတော့ လောဘမီး ရှို့ပစ်လိုက်တာနဲ့ ကျန်သေးလား (မကျန်ပါဘုရား) နို့ ဘယ်မတုံးကွ ပါရမီအစကို ပါသေးရဲ့လား (မပါပါဘူးဘုရား) ပါရမီ အညွန့်တုံးသွားတယ်၊ ပါရမီမျိုးစေ့ပါပျောက်သွားတယ်၊ မဆိုထိုက်ဘူးလား (ဆိုထိုက်ပါတယ်ဘုရား) ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

မင်းတို့ စဉ်းစားကြည့် မနက်က ပြောလိုက်တာရှိသေးတယ်။ ညပြန်မေးရင် မပြောတတ်တော့ဘူး (မပြောတတ်ပါဘုရား)။ မီးက လောင်ကုန်ပြီကိုကွ (မှန်ပါ့) တစ်နေ့လုံးတစ်ခါတည်း လောဘမီး၊ ဒေါသမီးတွေက ရစရာတွေနဲ့ ယူစရာတွေနဲ့၊ ပေးစရာတွေနဲ့၊ ကမ်းစရာတွေနဲ့ ပြောစရာတွေနဲ့ ဆိုစရာတွေနဲ့ဆိုတော့ အဲဒါလောဘ၊ ဒေါသ ကိစ္စတွေ မဟုတ်လား (မှန်ပါ့ဘုရား)။

## မမှတ်မိတော့ဘူး

အဲဒီမီးတွေက လောင်ပစ်လိုက်တော့ ညကျတော့ မေးလိုက် မှတ်မိသေးလားဆိုရင် ဘယ်နှယ် ပြောကြမတုံး (မမှတ်မိပါဘူးဘုရား) မေ့သွားတာ မဟုတ်ဘူး၊ ပျောက်သွားတာ၊ ရိပ်မိပလားကွ ဘာဖြစ်သွားတာတုံး (ပျောက်သွားတာပါဘုရား)။

ဘာတုံးကွ မီးလောင်ပစ်လိုက်တာ၊ ဒါသန္တာပဋ္ဌမီး လောင်တာ (တင်ပါဘုရား) သဘောကျပလား (ကျပါပြီ ဘုရား) ဘာမီးလောင်တာတုံး (သန္တာပဋ္ဌမီးပါဘုရား) သန္တာပဋ္ဌောဆိုတာ မရှိဘူးလား (ရှိပါတယ်ဘုရား) ဒီမီးလောင်ပစ်လိုက်တာ၊ ကဲ အရင်းလေးထည့်ပေးတယ် မီးက ရှို့လိုက် (တင်ပါဘုရား)။

အရင်းလေး ထည့်ပေးလိုက် (မီးကလောင်လိုက်ပါ ဘုရား) အင်း တော်တော့်လူမထည့်ရဲဘူးကွ၊ မီးကြောက်တာနဲ့ ထည့်ရဲပါ့မလား၊ အခု ငါသက်သက် ပေထည့်နေတာ ရိပ်မိ ပလား မင်းတို့က ဒီကပြန်ရင် ရှို့မယ် ဘယ့်နှယ်တုံးကွ (ရှို့မှာပါ ဘုရား)။

## တရားကို မီးရှို့ပစ်တာ

ဒါကြောင့် တစ်နေ့က ငါဟောတယ်မဟုတ်လား မင်းတို့က တရားမီးရှို့တာကွလို့၊ ကျောင်းကန် မီးရှို့တဲ့လူတော့ အပြစ်ကြီးတယ်၊ ဒီလူကျောင်းမှန်း ကန်မှန်း မသိဘူး၊ ဟ!

ကျောင်းက ဘာမှ အဖိုးမတန်ဘူးကွ၊ ကျောင်းက ဘာမှအဖိုး မတန်ဘူး သစ်သားတွေ (တင်ပါဘုရား) ဒါက တရားဆိုတာ ရတနာတွေ (မှန်ပါဘုရား) ဟုတ်ဘူးလား ဘုရားရတနာ၊ တရား ရတနာလို့ ခင်ဗျားတို့ မသုံးဘူးလား (သုံးပါတယ်ဘုရား)။

အဲဒါ ဘာလုပ်တာတုံး တရား မီးရှို့ပစ်တာ ဟုတ်လား စာအုပ်တွေ မီးရှို့တာတော့ မြင်တယ်၊ မင်းတို့က ကိုယ်ရထားတဲ့ ဝမ်းထဲက တရားတွေ မီးရှို့တာတော့ (မမြင်ပါဘူးဘုရား) ကိုယ်ကိုယ်တိုင် လုပ်တာ လူတိုင်းတယ်မြင်ခဲတယ်ကွ၊ ကိုယ့် မျက်ချေးတော့ ကိုယ်မသိဘူးလို့ ပြောသားပဲ၊ သူများသာ မြင်နေတာ၊ ရိပ်မိပလား (မှန်ပါ) ကိုယ်မီးရှို့နေတာက မသိတော့ ကို ကိုယ်မီးရှို့တဲ့ အပြစ်ကလည်း သေးသလား (မသေးပါဘူး ဘုရား) ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

ဒါဖြင့် အလုပ်သွားတော့မယ်ဆိုရင် မီးရှို့သွားဦးမယ် ပြောတာ၊ မောင်ကို ရိပ်မိပလားကွ (ရိပ်မိပါပြီဘုရား) တပည့်တော်၊ ရန်ကုန်သွားဦးမယ်ဘုရားဆို ငါကတော့ သိလိုက်ပြီ မီးရှို့သွားဦးမှာပဲ၊

ဘာမီးရှို့မှာတုံး တရားရတနာတွေ မီးမရှို့ဘူးလား၊ ဟိုကျတော့ ပြန်ရှာတဲ့ အခါကျတော့ တစ်ဝက်တစ်ပျက်တောင်မှ ရချင်မှ ရမှာ (သုံးပုံတစ်ပုံလောက်ရပါတယ်ဘုရား) အတော် ခဲယဉ်းပါတယ် သုံးပုံတစ်ပုံရလို့ရှိရင် မနည်း စုမိမှာပေါ့ (တင်ပါ)။ ရှင်းပလား (ရှင်းပါပြီဘုရား)။

## ထိနမိဒ္ဓနဲ့ သမာဓိကို ခွဲခြားအောင်ခွဲပါ

အဲတော့ ဒီနေ့ တရားမှာ မင်းတို့ ထိနမိဒ္ဓက သမာဓိ ဝင်လုပ်တဲ့အတွက် မင်းတို့သည်ကား ဆိုလို့ရှိရင် နိဗ္ဗာန်မရနိုင်ဘူး။ (မှန်ပါ့) ထိနမိဒ္ဓနဲ့ သမာဓိကို ခွဲဖြစ်အောင် ခွဲပါ (တင်ပါ)၊

သမာဓိဆိုရင် သုံးပါးနဲ့ တွဲရမယ် (မှန်ပါ)၊ ထိနမိဒ္ဓ ဆိုရင်အာရုံကို မမြင်ရဘူး (မှန်ပါ) ဟိုသုံးပါးဆိုရင် အာရုံကို မြင်ရမယ် ရှင်းပလား (ရှင်းပါပြီဘုရား)။

ကဲ ဒီတွင် တော်ဦး

သာဓု . . . သာဓု . . . သာဓု။